# တွန်းအား



**ဘုရားသခင်၏**
**စစ်ဘုရင် ရုပ်ကလေး**
သူက အနိုင်ကစားနေသည်၊
သို့သော် သင့်ကို လိုသည်။

**အတိတ်ကို**
**မေ့ပျောက်ထားခြင်း**
ပို၍ကောင်းသော
အရာများဆီသို့
ဆက်သွားခြင်း

**၄င်းကို**
**လက်ဆင့်ကမ်းပါ။**
ကျွန်ုပ်တို့အားလုံးတွင်
ပေးရန်
တစ်စုံတစ်ရာရှိသည်။

ကျွန်ုပ်တို့ အားလုံး လိုလိုပင်။ အတိုင်းအတာတစ်ခု သို့မဟုတ် အခြားတစ်ခုထိ မိမိတို့ ကိုယ်နှင့်ပတ်သက်၍သော်၎င်း၊ မိမိတို့၏ အခြေအနေ အကြောင်းအရာများနှင့် ပတ်သက်၍သော်၎င်း ကျေနပ်မှုမရှိကြ။ ထိုအခြင်းအရာကလည်း ပြောရလောက်အောင် ဆိုးဝါးသည့် အကြောင်းအရာမဟုတ်ပါ။ အကယ်၍ ကျွန်ုပ်တို့အနေနှင့် တိုးတက်စေရန် ပြုလုပ်ဆောင်ရွက်ကြမည်ဆိုပါက မကျေမနပ်မှုအတိုင်း အတာတစ်ခုထိ ရှိရမည်ဖြစ်သည်။ ကျွန်ုပ်တို့ ဖြစ်လာနိုင်သည့် အရာအားလုံး ဖြစ်လာရန် ကျွန်ုပ်တို့ အနေနှင့် မိမိတို့၏ လက်ရှိ အနေအထားထက် ပို၍ စိတ်ကူးမျှော်မှန်းကြရမည်ဖြစ်သည်။ ပြဿနာ က ကျွန်ုပ်တို့ အတော်များများက စိတ်ကူးအိပ်မက်အဆင့်၌ပင် ရပ်နေကြခြင်းဖြစ်သည်။ ဘာ့ကြောင့် ဤကဲ့သို့ ဖြစ်ရသည်ဟု သင်ထင်ပါသနည်း။

မကြာခဏဆိုသလို ဤသို့ဖြစ်ရခြင်းမှာ ကျွန်ုပ်တို့တွင် ဤအိပ်မက်များကို အကောင် အ ထည်ပေါ်လာစေနိုင်သော အရာများရှိနေသည်ဟု ကျွန်ုပ်တို့ မထင်မိသောကြောင့်ဖြစ်သည်။ ဤအခြင်း အရာနှင့်ပတ်သက်၍လည်း မကြာခဏဆိုသကဲ့သို့ ကျွန်ုပ်တို့ မှန်နေကြသည်။ ကျွန်ုပ်တို့၏ စိတ်ပိုင်း ဆိုင်ရာစွမ်းအင်သက်သက်ဖြင့်သော်၎င်း၊ အလုပ်ကိုပို၍ ပြင်းပြင်းထန်ထန်လုပ်ကိုင်ခြင်းအား ဖြင့်သော်၎င်း၊ ပြောင်းလဲမှုအချို့ကို ကျွန်ုပ်တို့ လုပ်နိုင်စွမ်းရှိသည်။ ဥပမာအားဖြင့် သတ်မှတ်ထားသော အရောင်းခွဲတမ်းကို မှီအောင်ဖြည့် ဆည်းနိုင်ခြင်း၊ အင်္ကျီကိုယ်တိုင်းကျသွားအောင်၊ ဘောင်းဘီခါးတိုင်းကျသွားစေရန် အစရှိ သည်တို့ကဲ့သို့ဖြစ်သည်။ ထိုသို့ဖြစ်လျှင် ပို၍ကြီးမားသော အခြင်းအရာများအတွက်ကော? မိမိတို့အားပိုမို၍ အလွန်ပျော်ရွှင်စေနိုင်ပြီး၊ ဤလောကတွင် မိမိတို့နေထိုင်ရာ ဒေါင့်ကလေးထဲ ပြောင်းလဲမှုကို အမှန်တကယ် ပြုလုပ်နိုင်စွမ်း ရှိစေမည်ဟု ကျွန်ုပ်တို့ သိနေသည့် အတွင်းပြောင်း လဲမှုများအတွက်ကော? သမရိုးကျ နားလည်ရ၊ ဖမ်းရအခက်ဆုံးသော အပြောင်းအလဲမျိုးက ထိုသို့သော ပြောင်းလဲမှုမျိုးပင်ဖြစ်သည်။

ကျွန်ုပ်တို့သည် ကောင်းသင့်သလောက် မကောင်းကြောင်း မိမိကိုယ်ကို ပြော– ကြသည်။ ကျွန်ုပ်တို့၌ အပြစ်အနာအဆာများလွန်းလှပြီး အမှားများစွာ လုပ်ကြသည်။ ထိုသို့သော အစွမ်းအစမျိုးက ကျွန်ုပ်တို့တွင် ရှိကိုမရှိဟု သင်ထင်နေခဲ့လျှင် ယခုတွန်းအား စာစောင်တွင် သင့်အ– တွက် အလွန်ကောင်းသော သတင်းကောင်းအချို့ ပါဝင်သည်။

သခင်ယေရှုက "...လူမတတ်နိုင်သော်လည်း ဘုရားသခင် မတတ်နိုင်သည်မဟုတ်။ ဘုရားသခင်သည် ခပ်သိမ်းသော အမှုတို့ကို တတ်နိုင်တော်မူသည်..."(မာကု ၁၀:၂၇)ဟု ပြော ဆိုခြင်းအားဖြင့်ဤအခြင်းအရာကိုအကောင်းဆုံး အနှစ်ချုပ်လိုက်သည်။ လျှို့ဝှက်ချက်က မိမိတို့ကိုယ်ကို ဘုရားသခင်၏ လက်တော်ထဲထည့်ပြီး မဖြစ်နိုင်သော အရာများကို ကျွန်ုပ်တို့အတွက် သူလုပ်ဆောင် ပါစေ။ ကျွန်ုပ်တို့အားဖြင့် သူလုပ်ဆောင်ပါစေ။ တစ်ခါတစ်ရံ ကျွန်ုပ်တို့ကိုယ်စား သူလုပ်ဆောင် ပါစေ။ ကျွန်ုပ်တို့သည် သေးငယ်ပြီး အား နည်း၍ စွမ်းဆောင်နိုင်ခြင်းလည်း မရှိပါ။ သို့သော် လည်း အလွန်ကြီးမား သန်စွမ်း၍ စွမ်းဆောင်နိုင်သော ဘုရားသခင်က ကျွန်ုပ်တို့ကို ကူညီရန် စောင့်ဆိုင်းလျက်သာ ရှိနေသည်။ သူ၏ ထိန်းချုပ်မှုအောက်တွင် မိမိအတွင်း၌ ထို "မဖြစ်နိုင် သော အပြောင်းအလဲများ"ကို ပြုရန် သင်ထင်ထားသည်ထက် များစွာပို၍ လွယ်ကူပါသည်။ သူ၏ အရှေ့ခံသော စစ်ဘုရင် ရုပ်ကလေးသာ ဖြစ်ပါစေ။

# မည်သူ့အချိန်နာရီ ဖြစ်ပါသနည်း?

ကျွန်တော် စင်္ကာပူနိုင်ငံ၌ရှိစဉ် လေဆိပ်သို့သွားသော ခရီးသည်တင် ကားပေါ် မတက်မီ အချိန်တစ်နာရီခန့် ပိုနေခဲ့သည်။ လမ်းဒေါင့်တစ်နေရာ လူသွားလမ်းပေါ်တွင် အနောက်တိုင်းသား လူငယ်တစ်ဦး ထိုင်နေရာ သူ၏ အသွင်အပြင်က စိတ် သောက ရောက် နေသည့်ပုံ ပေါက်နေခဲ့သည်။

ကျွန်တော်က "ခင်ဗျားအတွက် ကျွန်တော် တစ်စုံတစ်ရာ လုပ်ပေးနိုင်တာများ ရှိမလား?"ဟုမေးရာ သူက "ဟုတ်ကဲ့. . . ကျွန်တော် ပြောပြတာကို ခင်ဗျားနား ထောင်နိုင်ပါတယ်၊ ကျွန်တော်တော့ ရှုံးတော့မယ်၊ ငြိမ်သက်ခြင်းကို ဘယ်လို ရှာဖွေ ရမှန်း ကျွန်တော် မသိတော့ဘူး"ဟု ပြောလာသောကြောင့် ကျွန်တော်ထိုင်၍ နားထောင်ခဲ့ပါသည်။

သူသည် အမေရိကန် နိုင်ငံသားဖြစ်ပြီး အင်ဒိုနီးရှား နိုင်ငံသို့ ရောက်သွားခဲ့ သည်။ ထိုဒေသတွင် အမျိုးသမီးတစ်ဦးနှင့် တွေ့ဆုံခဲ့ရသည်ဟု သူက ရှင်းပြခဲ့သည်။ ယခု အခါ အေ၊အိုင်၊ဒီ၊ အက်စ် ရောဂါ သူမထံမှ ကူးစက်ခဲ့၍ သူသည် အလွန်အမင်း စိုးရိမ်လျက်ရှိနေခဲ့သည်။ ဤအရပ်ဒေသမှ မည်သည့်နေရာသို့ သွားရမည်ကို သူဆုံးဖြတ် ၍ မရနိုင်အောင်ဖြစ်နေခဲ့သည်။ အမေရိကန်ပြည်ထောင်စုသို့ ပြန်ရမည်လား? ဒါမှမဟုတ် ထိုင်းနိုင်ငံသို့ သွားရောက်ကာ တရားထိုင်မည့် နေရာတစ်ခုကို ရှာရမည် လား?

သူဖွင့်ဟ ပြောဆိုပြီးသွားသောအချိန်တွင် ကျွန်တော်၌ ဖြစ်ခဲ့ရသည့် အကြောင်းအရာကို သူ့အား ကျွန်တော် ပြောပြခဲ့သည်။ ကျွန်တော့်အနေနှင့်ငြိမ် သက်ခြင်း၊ သမ္မာတရားနှင့် ပျော်ရွှင်မှုတို့ကို မည်ကဲ့သို့ အသည်းအသန် ခက်ခဲစွာ ရှာဖွေခဲ့ရသည်။ ထို့နောက် မည်သို့ ယေရှု၌ ကျွန်တော်လိုအပ်သောအရာအားလုံး ကို တွေ့ရှိခဲ့ရသည် စသဖြင့် ရှင်းပြခဲ့ပါသည်။ သခင်ယေရှုကို လက်ခံရယူရန် သူကျွန် တော်နှင့်အတူ ဆုတောင်းပြီး သူ၏ ခန္ဓာကိုယ်စိတ်နှစ်ဖြာတို့၏ ကျန်းမာခြင်းအတွက် ဆုတောင်းခဲ့ကြသည်။

ဘုရားရှင်က သူ၏ မေတ္တာဖြင့် ထိုသူငယ်ကို ထိတွေ့ရန်၊ ကျွန်တော့်အား အသုံးပြုစေလိုသည့် ထိုတစ်နာရီအချိန်လေးကို ကျွန်တော် အလဟာသ မဖြုန်းတီးခဲ့ခြင်း အတွက်၊ ဝမ်းမြောက်ခြင်းကို ဤမျှလောက် တစ်ခါမျှ မခံစားမိခဲ့ဘူးပါ။

Emmanuel Peterson

# လူတစ်ယောက် လုပ် နိုင်သောအရာ

ဤအကြောင်းအရာကို စဉ်းစားဘို့ရာ သင်ခေတ္တ ရပ်ဆိုင်းလိုက်လျှင် သင်၏ ဘဝအသက်တာ မည်မျှ အသုံးဝင်နိုင်သည် ဆိုခြင်း၌ အကန့်အသတ် မရှိတော့ပါ။ သင့်အနေ နှင့် ချစ်စရာမကောင်းသော၊ နှစ်သက်ဖွယ်ရာမရှိ သောသူတို့အား ချစ်ခြင်း မေ–တ္တာကို ပြသနိုင်သည်။ စာနာမှုကို ပေးနိုင်သည်။ ဖော်ရွေပြီး အဆင်ပြေ–အောင် နေနိုင်သည်။ ပြောသမျှကို နားထောင်ပေးခြင်း သို့မဟုတ်အကူအညီ လိုအပ်သောသူတို့ကိုကူညီနိုင်မည်ဖြစ်သည်။သင့်အနေ နှင့် အစဉ်အမြဲ ရွှင်လန်းတက်ကြွလျက် ရှိနေစေရန်၊ အခြေအနေအရပ်ရပ်တွင် အကောင်းဘက်မှ ကြည့်မြင်တတ်ရန်နှင့် အခြားသူများ ဤသို့ပြုရန်၊ မစနိုင်ရန် ဘုရားသခင်ထံမှာ တောင်းခံနိုင်ပါသည်။

သင့်အနေနှင့် လက်ဆင့်ကမ်း စာစောင်များကို ပေးကမ်းနိုင်သည်။ ဘုရားသခင်နှင့် သူ၏ နှုတ်ကပတ်တော် အကြောင်း ပြောပြနိုင်သည်။ သွားလေရာ အရပ်တွင် လိုအပ်နေသူတို့ထံ လက်လှမ်းပြီး ချစ်ခြင်းမေတ္တာနှင့် နားလည်မှုတို့ကို ပြသနိုင်သည်။ ဤကဲ့သို့ လုပ်ချင်သူတိုင်း ဤကမ္ဘာလောကကြီးထဲတွင် ထူးခြားမှုကို အမှန်တကယ် ဖြစ်စေနိုင်သည်။ တစ်ပါးသူတို့ကိုလည်း ဤသို့ပြုရန် လှုံ့ဆော် အားပေးနိုင်သည်။



# အာဝါဇ်တော်ကို မေ့မျောက်ထားခြင်း

ဗာဂျီးနီးယားဘရန့်ဘာ့(ဂ)

နှစ်သစ်၏ တံခါးဝရှေ့တွင် ကျွန်ုပ်တို့ ရပ်လျက်ရှိစဉ် ရှေ့တွင် မည်သည့်အရာများ ကျွန်ုပ်တို့အတွက် စောင့်ကြိုနေသည်ကို မသိခဲ့။ တခါတရံ ဤအခြင်းအရာများကို သိလျှင် ကောင်းမည်ဟု ကျွန်ုပ်တို့ ဆန္ဒပြုမိခဲ့သော်လည်း ဘုရားသခင်က ဤသို့ စီစဉ်ထားခဲ့သောကြောင့် ကာထားသော ကန့်လန့်ကာကိုဖယ်ပြီး စတိုခန်းထဲ မည်သည့်အရာများသိမ်းဆည်းထားကြောင်းကြည့်ရန်မဖြစ်နိုင်။ ဤအတိုင်း ရှိနေခြင်းအတွက်လည်း ကျွန်ုပ်တို့ ဝမ်းမြောက်မိရခြင်း အကြောင်းက ဘုရားရှင်သည်သာ အသိဆုံးဖြစ်ကြောင်းကို ကျွန်ုပ်သိသောကြောင့်ဖြစ်သည်။

သို့သော်လည်း ကျွန်ုပ်တို့သိသည့် အချက်တစ်ချက်ရှိပါသည်။ ထိုအချက်က ကျွန်ုပ်တို့သည် အတိတ်ကို၊ ၄င်း၏ ပူပင်ကြောင့်ကျမှုများ၊နာကျင်မှု ဝေဒနာများ ၊ နှလုံးသား၏ ကြေကွဲမှုများ၊ အမှားအယွင်းများနှင့် အလွဲလွဲ အချော်ချော်ဖြစ်ခဲ့ခြင်းများနှင့်အတူ ထားခဲ့ နိုင်သည်ဆိုသည့်အချက်ပင်ဖြစ်သည်။ ဤအခြင်းအရာက အံ့သြဘွယ်ရာ မဟုတ်ပါလား။

လွန်ခဲ့သော နှစ်ထဲတွင် ဖြစ်ခဲ့သော အမှားအမှန်၊ နောင်တနှင့်ပူဆွေးမှုများ အားလုံးက ဘုရားသခင်၏ လက်ထဲတွင် ရှိနေသည်။ အကယ်၍ ကျွန်ုပ်တို့အနေနှင့်ဘုရားသခင်ကို ယုံကြည်ကိုးစားလျှင် မည်သည့်အရာများ ဖြစ်နေစေကာမူ မည်သို့ သော အခြေအနေတွင်မဆို ဘုရားသခင်သည် ခါးသီးသော အတိတ်၏ သဲကန္တာရထဲမှ ချိုမြိန်အေးမြသောရေကို ယူဆောင်လာနိုင်သည်။

ဤနှစ်သစ်တွင် ဘုရားသခင်သည် သင့်အား “ပြာအရာ၌ ပေါင်းသရဖူ၊ ညှိုးငယ်သော စိတ်သဘောအရာ၌ ချီးမွမ်းခြင်း အဝတ်တန်ဆာ၊ ညဦးယံ၌ ငိုကြွေးခြင်းအတွက် နံနက်ယံ၏ ဝမ်းမြောက်ခြင်း” (ဟေရှာ ၆၁း၃၊ ဆာလံ ၃၀း၅)ကို ပေးနိုင်သည်။ “ဘုရားသခင်ကို ချစ်သောသူတည်းဟူသော ကြံစည်တော်မူခြင်းအတိုင်းခေါ်တော် မူသော သူ-တို့၏ အကျိုးကို ခပ်သိမ်းသောအရာတို့သည် တညီတညွတ်တည်း ပြုစုကြသည် ကို ငါတို့ သိကြ၏” (ရောမ ၈း၂၈)ဟု သူက ကတိပြုထားသည်။ ထို့ကြောင့် သင် သည် ဘုရားသခင်၏ သားသမီးဖြစ်ပြီး သင့်အတွက် သူ၏ အစီအစဉ်ကို နာခံလိုက်လျှောက်ပါက သင်သည် ဘုရားသခင်ကိုချစ်ပြီး ကြံစည်တော်မူခြင်းအတိုင်း ခေါ်တော်မူသောသူတို့အထဲမှ တစ်ဦး အပါအဝင်ဖြစ်ပါက . . . ဘုရားသခင်သည် ထိုအခြင်းအရာအလုံးစုံကို ကောင်းသောအဖြေ ထွက်လာစေရန် လုပ်ပေးနိုင်သည်။

ဘုရားသခင်ကို ယုံကြည်ကိုးစားနေသော်လည်း မိမိတို့ အတိတ်စာမျက်နှာများမှ အပြစ်အနာအဆာနှင့်အစွန်းအထင်းများအတွက် ပူပန်ဆဲဖြစ်ကြောင်းကို လူပေါင်းမည်မျှက ပြောဆိုခဲ့ပြီး ဖြစ်ပါသနည်း။ ဘုရားသခင်၏ ခွင့်လွှတ်ခြင်းနှင့် သနားခြင်း ဂရုဏာတို့၏ ပြည့်ဝ ပြည့်စုံခြင်း၌သော်၄င်း၊ သူတို့၏ အပြစ်များကို သူက ဖျက်ပစ်လိုက်ပြီး ဖြစ်ကြောင်း ပေးထားသည့် ဘုရားရှင်၏ ကတိတော်၌၄င်း၊ သူတို့သည်

ဘယ်သောအခါမျှ မပျော်ပိုက်နိုင်ကြ။

"ငါတစ်ပါးတည်းသာလျှင် ကိုယ်အတွက်ကြောင့် သင်၏အပြစ်တို့ကို ဖြေမည်။ သင်၏ ဒုစရိုက်အမှုတို့ကို မအောက်မေ့။ (ဟေရှာ ၄၃း၂၅)။ နောက်ကြောင်း ပြန်လှည့်၍ အတိတ်ကို ပြန်လည်ခြေရာခံခြင်းက ဘုရားရှင်၏ နည်းလမ်းမဟုတ်ပါ။ သင့်-အနေနှင့် ထိုအတိတ်ကာလထဲ ပြန်၍ အသက်မရှင်နိုင်သလို အနာဂတ်ကာလသည် အံ့ဩဘွယ်ရာကောင်းသော ဂတိတော်များနှင့် ထွန်းလင်းတောက်ပနေပါလျက် မည်သူက အတိတ်ကာလသို့ ပြန်သွား၍ အသက်ရှင်ချင်ပါမည်နည်း? ရှေ့လာမည့် နှစ်သစ်အကြောင်းကို ကျွန်ုပ် တွေးမိသောအခါ ကျွန်ုပ်တို့ တောင်းဆိုနိုင်သည့် ဘုရားသခင်၏ ဂတိတော်အားလုံးအကြောင်းကို ကျွန်ုပ်စဉ်းစားပြီး ရှုခင်းရှုကွက်က မည်မျှထွန်းလင်းသာယာကြောင်း ပုံဖော်ကြည့်သည်။ မည်သို့သော အံ့ဩဘွယ်ရာများ ဖြစ်နိုင်မလဲ. . . သူ၏ မပြောင်းလဲသော နှုတ်ကပတ်တော်က ကျွန်ုပ်တို့အတွက် ရှိနေ-သောကြောင့် ဖြစ်ပေါ်လာသော ယုံကြည်ခြင်း၏ ထူးဆန်း အံ့ဩဘွယ်ရာများ။

ဆန့်တန်းထားသော လက်တော်ဖြင့် သခင်ယေရှုသည် ရပ်လျက် အတိတ်သို့ပြန်ရန်လမ်းကို ပိတ်ဆို့ထားသည်။ သင်၏ အပြစ်များအတွက် သူပေးဆပ်ခဲ့ရသော ပြစ်ဒဏ်ကြောင့် ကျွန်ုပ်တို့သည် ကျန်ရစ်ခဲ့ပြီဖြစ်သော အရာများကို မေ့ပျောက်သင့်-ပြီး၊ ရှေ့တွင်ရှိသော အရာများဆီသို့ လက်လှမ်းသင့်ကြောင်းကို သမ္မာကျမ်းစာက ပြောသည်။ "ညီအစ်ကိုတို့ ငါကိုင်မိပြီဟု ကိုယ်ကိုကိုယ် မထင်သော်လည်း ငါပြုသော အမှုတစ်ခုဟူမူကား နောက်ကျသော အရာတို့ကို မမှတ်ဘဲ ရှေ့၌ရှိသော အရာတို့ကို ကမ်းလှမ်း၍ (ဖိ ၃း၁၃)

ထိုအတိတ်အတွက် ရွေးနှုတ်ခြင်းနှင့်ဆိုင်သော အဖိုးအခမရှိပါ။ သို့သော်လည်း သင့်အတွက်ကား ရွေးနှုတ်ခြင်းရှိသည်။ သခင်ယေရှုသည် သင့်အား ရွေးနှုတ်ခဲ့ပြီးဖြစ်ရာ သင်သည် အတိတ်ကာလတစ်ခုလုံးမှ လုံး၀ လွတ်မြောက်ခဲ့ပြီဖြစ်သည်။ သခင်ယေရှုက ကျွန်ုပ်တို့၏၀န်ကိုထမ်းရန် ဤကဲ့သို့သော အဖိုးအခကိုပေးပြီး ကျွန်ုပ်တို့ကို လွတ်မြောက်စေခဲ့ပြီးခါမှ ကျွန်ုပ်တို့က ထိုအတိတ်၏ ၀န်ထုပ်၀န်ပိုးကို သယ်ဆောင်မည်ဆိုပါက မည်မျှ နှမြောစရာကောင်းလိုက်ပါသနည်း။

ခွင့်လွှတ်ခြင်းနှင့်ဆိုင်သော ထူးဆန်းအံ့ဩဘွယ်ရာအမှုထက်ပို၍ အံ့ဩစရာကောင်းသောအမှု- မိမိ၏ အပြစ်များ ခွင့်လွှတ်ခြင်းကို ခံရပြီးပြီဟူသော စိတ်ချရမှုထက်ပို၍ ကောင်းသောအမှုရှိနိုင်ပါ့မလားဟူ၍ ကျွန်ုပ် စဉ်းစားမိသည်။

(၁ယော ၁း၉)တွင်"ကိုယ်အပြစ်တို့ကို ဘော်ပြတောင်းပန်လျှင် ငါတို့အပြစ်များကိုလွှတ်၍ ဒုစရိုက်ရှိသမျှနှင့်ကင်းစင်စေခြင်းငှါ ဘုရားသခင်သည် သစ္စာတရားနှင့်၄င်း၊ ဖြောင့်မတ်ခြင်းတရားနှင့်၄င်း ပြည့်စုံတော်မူ၏"။ ဟု ပြောထားသည်ဖြစ်ရာ ဘုရားသခင်သည် သူ၏ ဂတိတော်အား ချိုးဖောက်လိမ့်မည်မဟုတ်။

# သင့်ကို ချစ်ခြင်းအား ဘုရားသခင်သည် ဘယ်သောအခါမျှ ရပ်ဆိုင်းလိုက်မည်မဟုတ်။

ဒေးဗစ်ဘရန့်ဘာ့(ဂ)

ဘုရားသခင်သည် ဘာနှင့်တူပါသနည်း? အချို့က သူ့ကို ဒေါသထွက်နေသော ဘုရားအဖြစ် ပုံဖော်ကြရာ ဒုတ်ကြီးတစ်ချောင်းကို ကိုင်ဆောင်လျက် အရာခပ်သိမ်းကို မြင်နိုင်သော မျက်လုံးအစုံဖြင့် လှည့်လည်သွားလာနေရင်း ဆုံးမရန် အသင့်ဖြစ်နေသော ရက်စက်ကြမ်းကြုတ်သူ၊ သူတို့ကို ငရဲ့ပို့ရန် ခြိမ်းခြောက်နေသည့် ရက်စက်ကြမ်းကြုတ်သော အာဏာရှင်အဖြစ် မြင်ကြသည်။ သို့သော်လည်း အမှန်အားဖြင့် ဘုရားသခင်သည် ချစ်ခြင်းမေတ္တာဖြစ်သည်။ (၁ယော ၄း၈)သူသည် လူတိုင်းကို ကောင်း ကင်နိုင်ငံတွင်းသို့ ဝင်သွားရန် ကြိုးစားနေသည့် ချစ်ခြင်းမေတ္တာနှင့် ပြည့်ဝသော ဘုရားရှင်ဖြစ်သည်။ သူသည် အလွန်နီးစပ်မှုရှိသည်။ လက်ပွန်းတတီးရှိသည်။ တစ်ဦးစီတိုင်းနှင့်သီး သန့်ဆန်ပြီး ချစ်ခြင်း၊ ကြင်နာယုယခြင်း ဂရုတစိုက်ရှိခြင်းတို့နှင့် ပြည့်ဝပြီး အစဉ်လက်တော်ကို ဆန့်တန်းလျက်ကြိုဆိုရန် စောင့်ဆိုင်းနေသောဘုရားဖြစ်သည်။ ကျွန်ုပ်တို့နောက်သို့ တကောက်ကောက် လိုက်နေခြင်း၏ တစ်ခုတည်းသော အကြောင်းအရာက ကျွန်ုပ်တို့သည် သူ့အား ကျောခိုင်းထားရာမှ လှည့်၍ ဝမ်းပန်းတသာ ဖက်လဲတကင်း ကြိုဆိုရန်အတွက် မျှော်လင့်နေသောကြောင့်ပင်ဖြစ်သည်။

ဘုရားသခင်သည် ဘယ်သောအခါမျှ ကျွန်ုပ်တို့အား မငြင်းပယ်သလို သူ၏ ချစ်ခြင်းမေတ္တာကို ကျွန်ုပ်တို့ထံမှလည်း မရုပ်သိမ်းပါ။ ကျွန်ုပ်တို့ မည်မျှပင် အဝေးသို့ လမ်းလွဲသွားစေကာမူ၊ သူ၌ ကျွန်ုပ်တို့အတွက်အစဉ် မျှော်လင့်ချက်ရှိသည်။ ထို့ကြောင့် သင်သည် ဘုရားသခင်နှင့် အလွန်ဝေးကွာနေသလို ခံစားမိပါက သူ၏ ချစ်ခြင်းမေတ္တာနှင့် ခွင့်လွှတ်ခြင်းကို လက်ခံရယူရန် သင်၏ နှလုံးသားကို မဖွင့်ရသေးသောကြောင့်လည်း ဖြစ်နိုင်သည်။ မိမိ အပြစ်များအတွက်၊ အမှားများအတွက်၊ အပြစ်ရှိကြောင်းကို ဆက်လက်ခံစားနေရန် မလိုအပ်ပါ။ ဝမ်းနည်းခြင်းဖြင့်သာ ဘုရားသခင်၏ ခွင့်လွှတ်ခြင်းကို တောင်းခံပြီး ခွင့်လွှတ်ခြင်းကို ခံယူပါ။ (ဟေရှာ ၁း၁၈၊ ၁ယော ၁း၉)

သင်သည် ဘုရားသခင်၏ လမ်းကို စတင်လျှောက်မည်ဆိုပါက၊ သူ့ထံ ဦးတည်၍ မိမိအိမ်ပြန်လမ်းကို ရှာဖွေရန် စတင်ကြိုးစားသည်နှင့် ခမည်းတော်သည် သင့်ထံသို့ အပြေးအလွှားရောက်လာပြီး သူ၏ မေတ္တာလက်များဖြင့် ကြိုဆိုလက်ခံမည်သာဖြစ်သည်။ (လုကာ ၁၅း၁၈-၂၄)

▼▼▼

သင်သည် ဘုရားသခင်၏ ချစ်ခြင်းမေတ္တာနှင့် ခွင့်လွှတ်ခြင်းကို မခံစားရသေးလျှင် အောက်ဖော်ပြပါ ရိုးစင်းသော ဆုတောင်းချက်မျိုးဖြင့် ယခုပင်လျှင် ရိုးသားစွာ ဆုတောင်းနိုင်ပါသည်။

ကျွန်ုပ်၏အမှားများ၊ အပြစ်များအတွက် အဖိုးအခကို ပေးသောကြောင့် ကိုယ်တော်အား ကျွန်ုပ်ကျေးဇူးတင်ပါသည် ယေရှုသခင်။ သို့မှသာလျှင် ကျွန်ုပ်သည် ခွင့်လွှတ်ခြင်းကို ရနိုင်မည်ဖြစ်ပြီး ကျွန်ုပ်၏ အတိတ်ကို အတိတ်တွင် ထားခဲ့နိုင်မည်ဖြစ်သည်။ ကျွန်ုပ်အား အပြစ်အလုံးစုံ၊ ပြုပြီးခဲ့သော အပြစ်များ၊ ယခုအပြစ်များ၊ နောင်အပြစ်များ. . . မှ ယုံကြည်ခြင်းဖြင့်ဆေးကြောစင်ကြယ်စေသောကြောင့် ကိုယ်တော်ကို ကျေးဇူးတင်ပါသည်။ သခင်ယေရှု. . . ကျွန်ုပ် ၏ စိတ်နှလုံးထဲ ဝင်ရောက်ရန် ယခုပင် ကိုယ်တော်အား ကျွန်ုပ်ဖိတ်ခေါ်ပါသည်။ ကျွန်ုပ်၏ နှလုံးသားထဲ ဝင်ရောက်ပါ။ ကျွန်ုပ်ကို ခွင့်လွှတ်ပါ။ ကိုယ်တော်၏ ထာဝရအသက်လက်ဆောင်ကို ကျွန်ုပ်အား ပေးတော်မူပါ။ အာမင်။

# လက်ဆင့် ကမ်းလိုက်ပါ။

ကျွန်ုပ်တို့ သက်တောင့်သက်သာဖြစ်စေရန် ဘုရားသခင်က ကျွန်ုပ်တို့အား နှစ်သိမ့်ခြင်းမဟုတ်ဘဲ၊ ကျွန်ုပ်တို့ နှစ်သိမ့်အားပေးသူများ ဖြစ်လာစေရန်အတွက်သာဖြစ်သည်။

ထိုင်ခုံကျောမှီကို မှီထိုင်လျက် လေယာဉ်ထွက်ခွာမည့်အချိန်ကို စောင့်နေခဲ့သည်။ ကျွန်မ၏ ကျောပြင်တစ်ခုလုံး ကိုက်ခဲနေပြီး လေဆိပ်ဆီသို့ကားဖြင့်အလာ ၅ နာရီခရီးနှင့် အိပ်ပြန်ခရီးစဉ်၏ ပထမအဆင့် (၂)နာရီကြာ လေယာဉ်ခရီးစဉ်ကြောင့် ခြေလက်များက တောင့်နေခဲ့သည်။ တကယ်တော့ ဤသို့ လူများနှင့် ပြည့်ကျပ်နေသော လေယာဉ်၏ ချွေတာရေးအတန်း ခုံတွင် နောက်ထပ် (၅)နာရီကြာ စီနင်းလိုက်ပါရန်အတွက် ကျွန်မ မျှော်လင့်၍ မထားခဲ့ ပါ။

ကျွန်မ၏ အတွေးများက အသက် (၁၈)နှစ်ပင် မရှိသေးသော သမီးငယ်၊ မကြာ သေးမီကပင် သူမ၏ အစ်ကိုကြီးနှင့် ခေတ္တနေထိုင်ရန်သွားခဲ့သော သမီးငယ်ဆီသို့ လွင့် မြောသွားပါသွားခဲ့သည်။ သူမအနေနှင့် ဤကဲ့သို့ အိမ်မှထွက်ခွာခဲ့ခြင်းက ပထမဆုံးအကြိမ် ဖြစ်ပြီး ကျွန်မအနီးမှာ သမီးငယ်မရှိသည့်အတွေးကပင် ကျွန်မ၏ နှလုံးကို နာကျင်ကိုက်ခဲ နေစေခဲ့ပါသည်။ ကျွန်မ သူ့ကို အလွန်အမင်း သတိရနေမည်ဖြစ်သလို ဤကဲ့သို့သော ခံစားမှုမျိုးကို ကျွန်မ ကောင်းကောင်း သိနေပါသည်။ အိမ်မှ ထွက်ခွာ သွားခဲ့သော ကျွန်မ ၏ ကလေး (၆)ယောက်အနက် သူမသည် (၅)ယောက်မြောက်ဖြစ်၍ ကျွန်မအနေနှင့် ဤ သို့သော ခံစားမှုမျိုးနှင့် ယဉ်ပါးသင့်ပြီဟု ကျွန်မတွေးမိသည်။ သို့သော်လည်း ထိုရင်ထဲဟာ နေသော ခံစားမှုကပင် ကျွန်မကို လွှမ်းမိုးလာခဲ့ရာ မျက်လုံးထဲမှာ မျက်ရည်ပူများ ပြည့်လျှံ လာခဲ့သည်။ ထို့ကြောင့်လည်း မိမိ၏ စိတ်ခံစားမှုနောက်သို့ မလိုက်ပါမိစေရန် ဆုံးဖြတ် လိုက်သည်။

လေယာဉ်က ပြေးလမ်းပေါ်တွင် ရွေ့လျားနေစဉ်မှာ မိမိ၏ မျက်လုံးများကိုမှိတ်ခါ နှလုံးသားကို သခင်ယေရှုထံမြှောက်လျက် သူ၏ စောင့်ရှောက်မှုအောက် ကျွန်မ၏ သမီး ငယ်လေးနှင့် ကျန်ကလေးများကိုထားရှိရန်နှင့် အန္တရာယ်ကင်းသော ခရီးစဉ်အတွက် တောင်းဆို ခဲ့သည်။ သူ၏ ငြိမ်သက်သေးငယ်သော အသံတော်က ကျွန်မ၏ သမီးငယ်နှင့် ပတ်သက်၍ အရာရာသည် သူမရှေ့က ထွက်ခွာခဲ့သော အစ်ကို (၄)ယောက်နည်းတူ ချော ချောမောမောဖြစ်မည့်အကြောင်း ကျွန်မ၏ နှလုံးသားထဲသို့ တိုးညင်းစွာ ပြော–လာခဲ့သည်။

လေယာဉ်ပျံက မြေပြင်မှ အမြင့်သို့ ပျံတက်ခါ ယခု တည်ငြိမ်စွာ ပျံသန်းလျက် ရှိ နေသည်။ ကျွန်မ၏ ကလေးများနှင့် ပတ်သက်သော ဆုတောင်းများကို အဖြေပေးရန် ဘယ်သောအခါမျှ ပျက်ကွက်ခြင်းမရှိကြောင်း သတိရလာပြီး သူ၏ အာမခံချက်များကို ဆင်ခြင်နေချိန်တွင် ကျွန်မ၏ တစ်ကိုယ်လုံးကို ငြိမ်သက်ခြင်းက လွှမ်းခြုံလာခဲ့သည်။ သူ၏ သစ္စာတရားနှင့် နှစ်သိမ့်ခြင်းတို့အတွက်

ဘုရားသခင်ကို ကျေးဇူးတင်ကြောင်း ပြောဆိုနေသည့်အခိုက်အတန့်တွင် ကျွန်မ၏ လွမ်းဆွတ်ခြင်း မျက်ရည်များက ကျေးဇူးတင်သည့် မျက်ရည်များအဖြစ် ပြောင်းလဲလာခဲ့သည်။

ကျွန်မ၏ မှိတ်ထားသော မျက်လုံးများကို ပြန်ဖွင့်လိုက်သောအချိန်တွင် လေယာဉ် တက်ခါစ လစ်လပ်လျက်ရှိသော ကျွန်မ၏ နံဘေးခုံမှာ မိန်းမတစ်ဦးနှင့် သူ၏ သုံးနှစ်အရွယ် သမီးလေးတို့ ထိုင်နေလျက် ရှိသည်ကို တွေ့လိုက်ရသည်။ ချောင်ချောင်ချိချိနှင့် ခြေဆန့်လက်ဆန့်ပြုနိုင်ရန်အတွက် ဘေးထိုင်ခုံ အလွတ်ကို ကျွန်မ မျှော်လင့်ခဲ့သော်လည်း ထို နေရာကို ဤသားအမိ လိုအပ်ကြောင်း လေယာဉ်မယ်က မည်ကဲ့သို့ ခံစားသိရှိခဲ့သည်ကို ကျွန်မ နားလည်ခဲ့ပါသည်။

ပင်ပန်းနေပြီး တအီအီနှင့် အိပ်ချင်နေပြီဖြစ်သော ကလေးငယ်နှင့် ထိုမိခင် မည်ကဲ့သို့ အခက်အခဲ တွေ့နေ ကြောင်း ကျွန်မ မြင်နေရသည်။ ထို့ကြောင့်လည်း ကလေး ငယ်၏ ဦးခေါင်းကို ခေါင်းအုံးအနေနှင့်ခုရန် ကျွန်မ၏ ခေါင်းအုံးနှင့် အပို ခြုံစောင်ကို သူမ အားပေးလိုက်သည်။ ကျေးဇူးတင်သောအကြည့်နှင့်ကြည့်လျက် သူမတို့နှစ်ယောက် ဤမ တိုင်မီ (၈)နာရီခန့်မျှ လေယာဉ် စီးခဲ့ရပြီဖြစ်ကြောင်း ကျွန်မကို ရှင်းပြနေခဲ့သည်။ မကြာမီ ကလေးငယ်၏ ခန္ဓာကိုယ်တဝက်က မိခင်၏ ပေါင်ပေါ်တွင်ငှင်း၊ ကျန်တဝက်က သူမ၏ ခုံပေါ်တွင်ငှင်း ရှိနေသော အနေအထားဖြင့် အိပ်ပျော်သွားခဲ့ပါသည်။

လေယာဉ်ပေါ်မှ ကျွေးသောအစာကို စားပြီးနောက် ကျွန်မတို့ စကားစမြည် ပြောဖြစ်ခဲ့သည်။ လေယာဉ်မယ်လေးက ပုဂံခွက်လင်ပန်းများကို လာရောက်သိမ်းဆည်းပြီး ထို မိန်းမက အိပ်စက်အနားယူရန် ပြင်ဆင်သည်။ မိနစ်အနည်းငယ်တွင် သူမ၏ ပါး ပေါ်သို့ မျက်ရည် တစ်ပေါက် စီးကျလာခဲ့သည်ကို ကျွန်မ သတိထားမိလိုက်သည်။ ထို့ နောက်... နောက်ထပ်တစ်ပေါက်၊ သူမက ကျွန်မမမြင်မီ ထိုမျက်ရည်များကို အမြန် သုတ်ပစ်ရန် ကြိုးစားလိုက်သော်လည်း ကျွန်မ မြင်သွားပြီဖြစ်ကြောင်း သိလိုက် သောအချိန်တွင် ကျွန်မအား ရက်ပြုံးလေးဖြင့် ကြည့်နေခဲ့သည်။ "ရှင်နေကောင်းရဲ့လား"ဟု ကျွန်မ က မေးလိုက်မိသည်။ "ကောင်းပါတယ်။ ကောင်းပါတယ်"ဟု သူမက ကပျာကယာဖြေသော် လည်း မျက်ရည်များက ကျနေဆဲ။ သူမ၏ လက်မောင်းကို ကြင်နာစွာကိုင်လျက် ကျွန်မက "ရှင့်အတွက် ကျွန်မ တစ်ခုခုများ လုပ်ပေးနိုင်မလား?" သူမ ကိုယ်ကို တည်ငြိမ်လာစေရန် သတ္တိမွေး အားထုတ်ပြီး သူ– မသည် မကြာသေးမီကပင် (၁၆)နှစ်အရွယ် သူမ၏ သားငယ် ကို အမေရိကန် ပြည်ထောင်စုတွင် ပညာသင်ကြားရန် ပို့ဆောင်ခဲ့ရာ ၊ သူမ၌ အခြားကလေး (၇)ယောက်ရှိနေသော်လည်း ဤအကြီးဆုံးသားက အိမ်မှ ထွက်ခွာသည့် ပထမဆုံးကလေး ဖြစ် နေခဲ့သည်။ သားကြီးကို သူမ လွမ်းနေပြီဖြစ်ကြောင်း ရှင်းပြခဲ့သည်။

အံ့ဩလွန်းစွာဖြင့် ကျွန်မ သူ့ကို ကြည့်နေမိသည်။ မိနစ်အနည်းငယ်က ကျွန်မ၏ သမီးအကြောင်းကို စဉ်းစားရင်း တွေ့ကြုံခံစားလိုက်ရသည့် ခံစားမှုနှင့် တထပ်တည်းကျ သည့် ခံစားမှုကို တွေ့ကြုံခံစားနေရသော မိန်းမတစ်ယောက်ဘေးနားတွင် ကျွန်မ ထိုင်မိ လျက်သားဖြစ်နေခဲ့သည်။ သူမ၏လက်ကို ကျွန်မ၏ လက်ဖြင့်ဆုပ်ကိုင်လျက် သူမကို နား လည်ပါကြောင်း ပြောပြရင်း ကျွန်မ၏ သမီးငယ်အကြောင်း ရှင်းပြလျက် မကြာသေးမီက ပင် ကျွန်မ၏ နားထဲသို့ ဖြေညင်းစွာ ပြောခဲ့သော ဘုရားသခင်၏ နှစ်

သိမ့်မှုကို သူမအား ဝေမျှပေးနေခဲ့သည်။ ကျွန်မက မိမိတို့ ကလေးများအတွက် ဆုတောင်းပေးနိုင်ပြီး သူတို့ကို ကာကွယ်စောင့်ရှောက်ပေးရန်အတွက် ဘုရားသခင်ကို ယုံကြည်ကိုးစားနိုင်ကြောင်း ပြောပြ သောအခါ သူမသည် ဂရုတစိုက် နားထောင်လျက် မျက်ရည်ကြားမှ ပြုံးပြခဲ့သည်။

ကျွန်မတို့နှစ်ယောက်၏ ယုံကြည်ကိုးကွယ်မှုသည် မတူညီကြောင်း မကြာမီပင် ကျွန်မသိခဲ့သည်။ သို့သော်သော် ကျွန်မတို့နှစ်ယောက်စလုံးကိုချစ်သော ဘုရားသခင်သည် ကျွန်မတို့၏ ကလေးငယ်များကိုလည်းချစ်ပြီး သူတို့ကို ရှာဖွေကြည့်ရှုမည်ဖြစ်ကြောင်းကို ကျွန်မတို့နှစ်ယောက်စလုံး အသိအမှတ်ပြုခဲ့သည် ။ ထို့ကြောင့်လည်း ခရီးစဉ်တလျှောက်လုံး ဖုန်းနံပါတ်များအပြန်အလှန်ပေး၍ စကားပို၍ ပြောခဲ့သလို အနာဂတ်တွင် တစ်ဦးနှင့်တစ် ဦး အဆက်အသွယ်မပြတ်ဖို့ ကတိပြုခဲ့ကြသည်။

ကျွန်မတို့ လမ်းခွဲပြီးနောက် အန္တရာယ်ကင်းသော ခရီးစဉ်အတွက် သခင်ယေရှုကို ကျေးဇူးတင်သည့်နည်းတူ အရာရာကို ပြည့်စုံစွာ ဖော်ဆောင်လုပ်ကိုင်ပေးခြင်းအတွက် လည်း ကျေးဇူးတော် ချီးမွမ်းမိသည်။ သူ၏ နှုတ်ကပတ်တော်စကားများနှင့် ထပ်မံအာမခံ ချက်များအား နောက်ထက်တစ်ယောက်ထံသို့ လက်ကမ်းရန်အတွက် လေယာဉ်ပေါ်မှ ထိုင်ခုံအစီအစဉ်များကို သူလုပ်ဆောင်ခဲ့ကြောင်း ကျွန်မ ယုံကြည်ပါသည်။ သူသည် ကျွန်မတို့နှစ်ယောက်ကို အားပေးနှစ်သိမ့်လိုခဲ့သည်။

"သနားခြင်းကရုဏာ၏အဘ၊ သက်သာခြင်းအမျိုးမျိုးတို့အရှင်တည်းဟူသော ငါတို့သခင်ယေရှုခရစ်၏ခမည်းတော်ဘုရားသခင်သည် ... ဆင်းရဲခြင်းအမျိုးမျိုးကို ခံရသော သူတို့အား သက်သာစေနိုင်မည်အကြောင်း ဆင်းရဲခြင်းအမျိုးမျိုးတို့၌ ဘုရား သခင်သည် ငါတို့အား သက်သာစေတော်မူ၏။ (၂ကော ၁း၃–၄)

သင်
တွေ့ကြုံ
ဖြတ်သန်းရမည့် လူတိုင်း၏
နှလုံးသားများထဲသို့ ချစ်ခြင်းမေတ္တာတစ်ပေါက်
ကို ချပေးနိုင်ပါသည်။ စကားလေးတစ်ခွန်း၊
အပြုံးလေးတစ်ပွင့်၊ စာနာသော အကြည့်ကလေးတစ်ချက်
သာဖြစ်သည့်တိုင် ထိုနေ့တွင် ဘုရားသခင်သည် သူ တို့
ကို ချစ်ခဲ့ကြောင်း သူတို့ သိလိမ့်မည်။ ဘုရားသခင်၏ ဝိ
ညာဉ်တော်က သူတို့အား ပြောပြပေလိမ့်
မည်။ ချစ်ခြင်းမေတ္တာ အနည်းငယ်သည်
အလွန်ဝေးကွာသော ခရီးကို ပေါက်
သည်။

# ဘုရားသခင်၏ စစ်ဘုရင်ကလေး

## သင်မတတ်နိုင်သောအရာကို သူတတ်နိုင်သည်။



သင်မဟုတ်သော အရာနှင့်သင် ဖြစ်မလာနိုင်သောအရာကို ဖြစ်အောင် ကြိုးစားခြင်း သို့မဟုတ်ဖြစ်ဟန်ဆောင် ခြင်းကို ဘုရားသခင်အလိုမရှိပါ။ မည်သို့ ဆိုစေ မည်သည့်အရာမဆိုသူ၏ အလို တော်နှင့်အညီဖြစ်ပြီး ယုံကြည်ခြင်းရှိလျှင် မည်သူမဆိုဖြစ်နိုင်ကြောင်း သူ၏ နှုတ် ကပတ်တော်ထဲတွင် ဘုရားရှင်က သင်-ကြား ထားသည်။ သာမန် မည်သည့် လူမဆို ထူးခြားအရေးပါသည့် လူတစ် ယောက်ဖြစ်လာနိုင်သကဲ့သို့ အရေးပါ ထူး ခြားသည့်လူတစ်ယောက်ကလည်း အခြားသူလို ကိုယ်လိုလူကဲ့သို့ ဖြစ်နိုင်ရ ခြင်းမှာ ယုံကြည်သူတို့အတွက် ဘုရား သခင်နှင့်ဆိုလျှင် မဖြစ်နိုင်သောအရာမရှိ သကဲ့သို့ အရာရာကလည်း ဖြစ်နိုင် သောကြောင့်ပင် ဖြစ်ပါသည်။ (လုကာ ၁း၃၇၊ မာကု ၉း၂၃)

အတိတ်ကာလမှ ဘုရားသခင်၏ ထူးခြားသော လူယောကျ်ားမိန်းမတို့အား ခရစ်ယာန်အတော်များများက မြတ် နိုး ကြည်ညို၍၊ သူတို့၏ ရုပ်တုများကို ပြုလုပ်ခဲ့ကြပါသည်။ သမ္မာကျမ်းစာထဲမှ သူရဲကောင်းများ၊ရှေးဘိုးဘေးများနှင့်ပ ရောဖက်များ၊ခရစ်ယာန်သူတော်စင်များ နှင့် သာသနာ့အာဇာနည်များကို ဘုရား တစ်ဆူ ဂူတစ်လုံးသဖွယ် ကိုးကွယ်ကြပြီး ၎င်းတို့ကို အလွန့်အလွန် ချီးမြှောက်ခဲ့ သောကြောင့် အခြားသူများအတွက် ဤ



ကဲ့သို့ ပြုနိုင်လိမ့်မည်ဟု ယုံကြည်ရန် မဖြစ်နိုင်တော့သည့် အတိုင်းအတာအထိပင် မြှင့်တင် ချီးမြှောက်ခဲ့သည်။

ပြောရန် ဝမ်းနည်းစရာကောင်းသည်မှာ မကြာ-ခဏဆိုသလို သူတို့ ဤသို့ပြုရခြင်းက သူတို့ကိုယ်ကို ဆင်ခြေပေးရန်အတွက်သာ ဖြစ်နေခဲ့သည်။

သူတို့က "ဒီကနေ့ အဲဒီလိုဖြစ်ဖို့က လုံးဝ မဖြစ်နိုင်တော့ဘူး၊ အဲဒီလို အဖြစ်အပျက်တွေက ကျမ်းစာထဲက အချိန်ကာလတွေအတွက် ဒါမှမဟုတ် သူတော်စင် တွေ၊ ရှေးဘိုးဘေးတွေ၊ ဒါမှမဟုတ် ပရောဖက်တွေရဲ့အချိန်ကာလတွေအတွက်သာ သီးသန့်ဖယ်ထားတဲ့အရာတွေဖြစ်တယ်၊ သာမန်ခရစ်ယာန်တွေ ဒီလိုဖြစ်အောင် လုပ်ဖို့အတွက် မဟုတ်ဘူး၊ ဒါမဖြစ်နိုင်ဘူး၊ စမ်းတောင်မစမ်းကြည့်နဲ့၊ ဒီကနေ့လူတွေ ဒီလို ထူးဆန်းအံ့ဩဘွယ်ရာကောင်းတဲ့အမှုတွေကို လုပ်နိုင်ဘို့ရာ မျှော်လင့်လို့ မရဘူး၊ တမန်တော်များနဲ့ ရှေးကြီးမြတ်တဲ့ ခရစ်ယာန်ကြီးများ ရှိခဲ့သလို ဝိညာဉ်တော်ရဲ့ အခြားဆုကျေးဇူးတွေ ဒီကနေ့ လူတွေမှာ ရှိမယ်လို့ မထင်နဲ့။ ဒီလို ထူးဆန်းအံ့ဩဘွယ်ရာ အမှုတွေရဲ့ နေ့ရက်ကာလတွေက ပြီးဆုံးခဲ့ပြီ"ဟု ပြောကြသည်။

ထို့ပြင် လူများကို စာတန်က ပြောသော အကြီးဆုံးမုသာများအနက် တစ်ခုက "မင်းဒီလို မဖြစ်နိုင်ဘူး။ ဘာကြောင့်လဲဆိုတော့ မင်းဟာ အပြစ်များပြီး အမှားတွေလုပ်တယ်။ နောက်ပြီးတော့ မင်းဟာ အဆိုးရော အကောင်းပါ မဖြစ်နိုင်ဘူး"။ သို့သော် ဘုရားသခင်၏ နှုတ်ကပတ်တော်က မည်ကဲ့သို့ ပြောထားပါသနည်း? ". . . ဖြောင့်မတ်သောသူမရှိ၊ တစ်ယောက်မျှမရှိ၊ . . . လူအပေါင်းတို့သည် ဒုစရိုက်ကိုပြု၍ ဘုရားသခင် ရှေ့တော်၌ အသရေပျက်ကြပြီ" (ရောမ ၃း၁၀-၂၃)
ထိုအထဲတွင် မည်သူတို့ ပါဝင်ကြပါသနည်း။ သင်နှင့် ကျွန်ုပ်သာမက သူတော်စင်များ၊ ပရောဖက်များ၊ ရှေးဘိုးဘေးများနှင့်တမန်တော်များအားလုံး၊ သခင်ဘုရား ကိုယ်တိုင်မှလွဲ၍ ကျန်လူအားလုံး ပါဝင်ကြပါသည်။

ဟုတ်ပါပြီ၊ ဤအခြင်းအရာက မြင်ကွင်းတစ်ခုလုံးကို ပြောင်းလဲစေခဲ့ပါပြီ။ ဤအခြင်းအရာက တမန်တော်များ၊ ပရောဖက်များနှင့် သမ္မာကျမ်းစာထဲမှ သူရဲကောင်းများကို ကျွန်ုပ်တို့နှင့် တတန်းတည်း ဖြစ်စေခဲ့သည်။

အဓိပ္ပါယ်က ကျွန်ုပ်တို့သည် သူတို့နှင့် ပို၍တူဘို့ ဖြစ်နိုင်သည်ဆိုသောအချက်ပင် ဖြစ်သည်။ ကျွန်ုပ်တို့တွင် ဘယ်လိုပင် အပြစ်များ၊ အမှားအယွင်း အနာအဆာများ ရှိနေစေကာမူ ကျွန်ုပ်တို့သည်လည်း ဘုရားသခင်အတွက် အသုံးဝင်နိုင်ပါသည်။ ထို့ကြောင့် စာတန်က သင်သည် အလွန်ဆိုးသောကြောင့် ဘုရားသခင်အတွက် ဘယ်လိုမှ တန်ဘိုးမရှိနိုင်ကြောင်းကို ပြောလာခဲ့လျှင် သူ့ကို နားမထောင်ပါနှင့်။ ထိုအရာက မဟုတ်မှန်ပါ။

ဘုရားသခင်က လူကို ဖန်ဆင်းပြီး မြေကြီးပေါ် ထားခဲ့ရခြင်း တစိတ်တဒေသက၊ သူ၏ ကယ်တင်ခြင်းကို ပေးရာတွင် သူ၏ တန်ခိုးတော်ကို သိသာထင်ရှားအောင် ပြရန်

ကျွန်ုပ်တို့၏ အပြစ်များ၊ ပျက်ကွက်ချို့တဲ့မှုများ ရှိလင့်ကစား သူသည် ကျွန်ုပ်တို့ကို ကယ်တင်နိုင်ပြီး အသုံးပြုနိုင်ကြောင်းကို သိသာထင်ရှားစေရန် ပြဘို့ဖြစ်သည်။သူသည် သင့်ကိုပင်အသုံးပြုနိုင်သည်။ သင်သည် ဤမျှ ဆိုးပါလျှက်နှင့် ဘုရားသခင်က သင့်ကို အသုံးပြုနိုင်သည် ဆိုသည့်အချက်က သင်ကောင်းသောအရာ၊ မှန်ကန်သောအရာကို ပြု လုပ်သောအခါတိုင်း သခင်ယေရှုအား ဘုန်းအသရေ တိုးပွားစေသည်။ ရှေးဟောင်း ဓမ္မတေးက၊

ဘုန်းအသရေအလုံးစုံကို ယေရှုအား ကျွန်ုပ်ပေးမည်။
ထို့ပြင် သူ့ချစ်ခြင်းမေတ္တာ၊အံ့သြဘွယ်ရာသူ့မေတ္တာအကြောင်းလည်းပြောပြမည်။
ဘုန်းအသရေအလုံးစုံကို ယေရှုအား ကျွန်ုပ်ပေးမည်။
ထို့ပြင် အံ့သြဘွယ်ရာ သူ့မေတ္တာအကြောင်းလည်း ပြောပြမည်။

အလွန်ကျော်ကြားသော တမန်တော်ကြီး ရှင်ပေါလုပင်လျှင် ပူဆွေးသောက ရောက်ခဲ့ရသည်။ "ဤအသေကောင်မှ ငါ့ကို အဘယ်သူ ကယ်လွှတ်မည်နည်း?" သူဤကဲ့သို့ ပြောဆိုခြင်းက "ငါ၏ အနံ့အသက်က ဆိုးဝါးလှသည်" "ငါသည် ရွံရှာကြောက်မက်ဖွယ်ရာ ကောင်းသော အရှုပ်အထွေးကြီးပါတကား"ဟု ပြောသကဲ့သို့ပင်ဖြစ်သည်။ သူ၏ အကြပ်အတည်းကို ဘုရားသခင်က အဖြေပေးကာ နှစ်သိမ့်အားပေးခဲ့သည်။ "ငါတို့ သခင်ယေရှုခရစ်အားဖြင့် ကယ်လွှတ်တော်မူသော ဘုရားသခင်၏ ကျေးဇူးတော် ကြီးလှပေ၏"(ရော ၇း၂၄-၂၅၊ ၁ကော ၁၅း၅၇)

ကဲ. . . ဤအရာက သင့်အား မျှော်လင့်ချက်မရှိစေဘူးလား? သင်၏ အပြစ်များ၊ အနာအဆာများနှင့်အားနည်းချက်၊ ချွတ်ယွင်းချက်များကို စာတန်က သတိပေးဖော်ပြသော အခါ . . . ဟုတ်ပါသည်။ မိမိသည် မကောင်းကြောင်း၊ မိမိသည် အပြစ်သားဖြစ်ကြောင်း နှင့် ဘုရားသခင်၏ ကောင်းမြတ်ခြင်း၊ ကျေးဇူးနှင့် ဂရုဏာတော်တို့ကြောင့်သာမဟုတ်ခဲ့ လျှင် ယခုလို ဖြစ်မလာနိုင်ကြောင်း သတိရစေဘို့ အထောက်အကူ ဖြစ်စေသည်။

ဘုရားသခင်၏ ကျေးဇူးတော်နှင့်ဆိုင်သော အံ့သြဘွယ်ရာ ထူးဆန်းသော အမှု လိုအပ်ပါသည်။ အရာရာက ထူးဆန်းအံ့သြဖွယ်ရာဖြစ်ကို ဖြစ်ရမည်။ သင့်အတွေးများ၊ ဘုရားသခင်နှင့် သူတစ်ပါးတို့အတွက် သင်၏ ချစ်ခြင်းမေတ္တာ၊ ဘုရားသခင်အတွက် သင်၏ အလုပ် ဤအရာအားလုံးက ဘုရားသခင်၏ ကျေးဇူးတော်နှင့်ဆိုင်သော ထူးဆန်း အံ့သြဘွယ်ရာ အမှုပင်ဖြစ်သည်။ "မေတ္တာအားဖြင့် ပြုပြင်တတ်သော ယုံကြည်ခြင်း"သာ ဖြစ်သည် (ဂလာ ၅း၆)။ ၎င်းသည် ဘုရားသခင် လုပ်ဆောင်သောအလုပ်၊ ဘုရားသခင် သည် သင့်အားဖြင့် ထိုအခြင်းအရာကို ပြုမည်ဆိုသည်ကို သင့်အနေနှင့် ယုံကြည်ရန်သာဖြစ် သည်။

မိမိသည် ဘာမျှမဟုတ်၊ အရေးပါသည့် လူတစ်ယောက်လည်းမဟုတ်၊ ဘယ်အရာ ကိုမှလည်း လုပ်ဆောင်နိုင်လိမ့်မည်မဟုတ်ဟု နှစ်ပေါင်းများစွာ ကျွန်ုပ်ယုံကြည်လက်ခံထား ခဲ့သည်။ ကျွန်ုပ်သည် အလွန်အပြစ်များပြီး အသွေးသားနှင့်ဆိုင်သောအရာများလွန်းသည်။

ကျမ်းစာဖတ်ခြင်းမရှိသလို လုံလောက်သော ဆုတောင်းမှုကိုလည်း မပြုခဲ့။ ဘုရားသခင်အတွက် ဘယ်အရာမဆို တစ်ခုခုလုပ်ဆောင်ရန် မည်သို့ မျှော်လင့်နိုင်မည်နည်း?

ရိုးသားဖြောင့်မတ်ပါ။ ဤကဲ့သို့ သင်တစ်ခါတစ်ရံ ခံစားမိသည်မဟုတ်ပါလား?စာတန်ကလည်း သင့်ကို ထိုကဲ့သို့ မုသာပြောမည်ဖြစ်ကြောင်း ကျွန်ုပ်သေချာသည်။ ထို့ကြောင့် သူက သင့်ကိုပြောတိုင်း၊ သဲကန္တာရထဲ သခင်ခရစ်တော်ကို စာတန်က စုံစမ်းခြင်းပြုသောအခါ သခင်ယေရှု ပြုသည့်နည်းတူ စာတန်အား သမ္မာကျမ်းချက်များဖြင့် ပြန်လည်ထိုးနှက်ပါ။ (မဿဲ ၄း၁-၁၁) "ငါသည် ခရစ်တော်နှင့်အတူ လက်ဝါးကားတိုင်မှာ အသေခံပြီ၊ သို့သော်လည်း အသက်ရှင်သေး၏။ ထိုသို့ဆိုသော် ငါသည် ကိုယ်တိုင်မရှင်၊ ခရစ်တော်သည် ငါ၌ ရှင်တော်မူ၏။ ကိုယ်ခန္ဓာ၌ ယခု ငါရှင်သော အသက်သည် ဘုရားသခင်၏ သားတော်ကို ယုံကြည်ခြင်းအားဖြင့်တည်၏။ သားတော်သည် ငါ့ကို ချစ်၍ ငါ့အ-ဘို့ ကိုယ်ကို စွန့်တော်မူ၏။ (ဂလာတိ ၂း၂၀)

အပြစ်နှင့် လူသားတို့၏ အပြစ်အနာအဆာများ၊ အထမမြောက် ရှုံးနိမ့်မှုများပေါများကြွယ်ဝလှသည့်နေရာမှာ "ကျေးဇူးတော်သာ၍ ကြွယ်ဝ၏" (ရောမ ၅း၂၀) အဓိပ္ပါယ်ကတော့ ဒါပါဘဲ။

ဘုရားသခင်က အဘယ့်ကြောင့် သင့်ကို အမှားများ ပြုလုပ်စေခဲ့ပါသနည်း။ ဧဒင်ဉယျာဉ်ထဲတွင် ဘုရားသခင်သည် အဘယ့်ကြောင့် အာဒံနှင့်ဧဝတို့ကို သွေးဆောင်ဖြားယောင်းခြင်း၏ သားကောင်အဖြစ် ကျရောက်ခွင့် ပေးခဲ့ရပါသနည်း? သူတို့ ဘုရားသခင်ကို လိုအပ်ခဲ့ကြောင်း သက်သေပြရန်၊ သင်သည်လည်း ဘုရားသခင်ကို လိုအပ်ကြောင်း သက်သေပြရန်ဖြစ်သည်။ သင့်အစွမ်းနှင့် ဤအခြင်းအရာကို သင်မပြုလုပ်နိုင်၊ ၄င်းပြင် ထိုအရာက ဘာကို ဖြစ်စေသနည်း? . . . ထိုအရာက ဘုရားသခင်၏ ဘုန်းအသရေကို တိုးစေပါသည်။

ဟုတ်ပါသည်။ သင်မလုပ်နိုင်ကြောင်း သေချာသည်။ ဟုတ်ပါသည်။ သင့်ကိုယ်သင် မကယ်တင်နိုင်ပါ။ ဟုတ်ပါသည်။ သင်သည် ပြည့်စုံသော ခရစ်ယာန်အသက်တာနှင့် မရှင်သန်နိုင်ပါ။ ဟုတ်ပါသည်။ သင်မကောင်းနိုင်သလို သင်နှင့် သက်ဆိုင်သော အကောင်းတစ်စုံတစ်ရာကိုမျှ မလုပ်ဆောင်နိုင်ပါ။ သခင်ယေရှုကိုယ်တိုင်ကလည်း "ငါနှင့်ကွာလျှင် သင်တို့သည် အဘယ်အမှုကိုမျှ မတတ်နိုင်ကြ" (ယော ၁၅း၅)၊ လူများစွာက ဘုရားသခင်၏ အကူအညီအနည်းငယ်ယူပြီး ကျန်သောအရာအားလုံးကို လုပ်ရမည်ဖြစ်ကြောင်း မှားယွင်းစွာ သွန်သင်ခြင်းကို ခံရသည်။ သို့သော်လည်း ကျွန်ုပ်အနေနှင့် သင့်အား ယခုပင် ပြောလိုသည်မှာ ဘုရားသခင်က အားလုံးကို လုပ်ဆောင်ပါသည်။ ဤအခြင်းအရာက သင့်အတွက် နှစ်သိမ့်အားရစရာအတွေးကို မဖြစ်စေသလော?

ဘုရားသခင်က သင့်ထံမှ မမျှော်လင့်ထားသော သင့်ကို မခိုင်းထားသော အလုပ်များကိုလုပ်ရန်၊ သင်၌ ယုံကြည်ခြင်းရှိရန် မလိုပါ။ သင့်ကို ဖန်ဆင်းခဲ့သည့် ရည်ရွယ်ချက်အတိုင်း ဖြစ်လာစေရန်နှင့် မည်ကဲ့သို့သော အလုပ်မျိုးပင် ဖြစ်နေစေကာမူ သင့်အတွက် သူ၌ရှိသောအလုပ်ကိုလုပ်ရန်အတွက် ယုံကြည်ခြင်းရှိရန်သာလိုသည်။ မိမိမဟုတ်သော

အခြားသူ တစ်စုံတစ်ယောက်ဖြစ်လာရန် မကြိုးစားပါနှင့်။ သို့သော်လည်း ဘုရားသခင်က သင့် အားဖြစ်လာစေမည့်သူ ဖြစ်မလာနိုင်ဟု စာတန်က သင့်ကို မလှည့်ဖြားစေပါနှင့်။ ဘုရားသခင်က သင့်အားဖြင့် လုပ်မည့်အလုပ်ကို သင်လုပ်နိုင်လိမ့်မည်မဟုတ်ဟု စာတန်က သင့်အားလိမ်ညာပြောဆိုခွင့်ကို မပေးပါနှင့်။ ဘုရားသခင်က သူ၏ အကူအညီဖြင့် သင်လုပ်နိုင်ကြောင့် သူသိထားသည်ထက်ပို၍ သင့်အား လုပ်ဘို့ တောင်းခံလိမ့်မည်မဟုတ်ပေ။

ခရစ်ယာန်ပေါင်းများစွာက ဆန့်ကျင်ဘက် အယူအဆနှစ်ခုကို သင်ကြားမှု ခံရသည်။ ပဌမတစ်ခုက သူတို့သည် သူတော်စင် တစ်ယောက်မဖြစ်နိုင်ခြင်းနှင့် ပြည့်စုံခြင်းမရှိနိုင်ခြင်းတို့ဖြစ်ပြီး ဒုတိယအယူအဆက သူတို့သည် ကယ်တင်ခြင်းကို မခံရမီအချိန်ထိ ကယ်တင်ခြင်းကို မရနိုင်ဆိုသည်တို့ပင် ဖြစ်သည်။ ဤနှစ်ချက်စလုံးသည် စာတန်၏ ကိုယ်ပိုင်အယူအဆများသာဖြစ်ပြီး ခရစ်ယာန်အတော်များများက ဘုရားသခင်အတွက် ဖြစ်လာစေရန် သို့မဟုတ် ဘုရားသခင်အတွက် လုပ်ရန် မကြိုးစားတော့ခြင်း ဖြစ်သွား ရသည်မှာ အံ့ဩစရာမဟုတ်တော့ပါ။

သို့သော်လည်း ဤအခြင်းအရာ၏ အံ့ဩဘွယ်ရာ အမှန်တရားက သင်သည် သခင်ယေရှု၏ အကူအညီဖြင့် မည်သည့်အရာကိုမဆို လုပ်ဆောင်နိုင်သည်။ “ငါ့ကို ခွန်အားနှင့် ပြည့်စုံစေတော်မူသော ခရစ်တော်အားဖြင့် ခပ်သိမ်းသောအမှုတို့ကို ငါတတ် စွမ်းနိုင်၏” (ဖိ ၄း၁၃)။ သူ၏ အကူအညီ မစမှုဖြင့် မည်သည့်အရာကိုမဆို လုပ်နိုင်သည်။ မည်သည့်နေရာသို့မဆို သွားနိုင်သည်။ သင့်ကို ဘုရားသခင်က ဖြစ်စေချင်သည့် မည်သူမဆိုဖြစ်လာနိုင်သည်။

ဘုရားသခင်က ကျွန်ုပ်တို့အား လွတ်လပ်သည့်စိတ်ကို ပေးထားသည်။ သို့သော်လည်း ဘုရားသခင်အတွက် အောင်မြင်မှုရှိစေဘို့ သို့မဟုတ် သူ ကျွန်ုပ်တို့အား ပျော်ရွှင်စေလိုသမျှအတိုင်း ပျော်ရွှင်နိုင်ဘို့ကိုပင် ကျွန်ုပ်တို့သည် အစဉ်မပြတ်ဆိုသလို ထိုအလိုကို ဘုရားသခင်အား ပေးအပ်ရမည်သာဖြစ်သည်။ ကျွန်ုပ်တို့အတွက် သူ၏ အလိုတော်က မည်သည်အရာဖြစ်ကြောင်း ကျွန်ုပ်တို့အနေနှင့် ရှာဖွေဖော်ထုတ်ရမည်ဖြစ်ပြီး ထိုအရာကိုသာ ရွေးချယ်မည်သာဖြစ်သည်။

လူတိုင်းလူတိုင်းတွင် ဘုရားသခင်အတွက် သူတို့၏ အလုပ်နှင့် နေရာရှိကြသည်မှာစစ်ဘုရင်ခုံပေါ်မှစစ်ဘုရင်ရုပ်များနှင့် တူပါသည်။ စစ်ဘုရင်ရုပ်ကလေးများတွင်သူတို့၏ ကိုယ်ပိုင်စိတ်ဟူ၍မရှိပါ။ကစားနေသူကအရုပ်တစ်ခုကို မယူလျက် အခြားအကွက်တစ်ခုထဲသို့ ရွှေ့လိုက်သောအခါ ထိုစစ်ဘုရင်ရုပ်ကကန့်ကွက်ပြောဆိုမှုကိုမပြုပါ။ သူ့ကို ရွှေ့လိုက်သည့်နေရာသို့သာ သွားသည်မဟုတ်ပါလား? သင်သည် ဘုရားသခင်၏ လက်ထဲတွင်ရှိသည်။ ဤအခြင်းအရာကိုစာတန်ကသင့်အား ဟိုအကြောင်းဒီအကြောင်းတို့ဖြင့် ပူပင်စေလျက် သွေးဆောင်သော အချိန်တိုင်းတွင်



သတိရပါ။ သင်သည် အတုမရှိသော ပညာရှင်ကြီး၏ လက်ထဲတွင် ရှိနေပြီး သူသည် သင့်အား သူလိုချင်သည့် နေရာသို့ ပို့ပေမည်။ ထို့ကြောင့် ဘုရားသခင်ကိုသာ ကိုးစားပါ။

သင့်အနေနှင့်အဆုံးအဖြတ်အားလုံးကိုလုပ်ရန်မလိုပါ။သင့်အနေနှင့်သူ့ကို အလျော့ပေးရန်၊ သူ၏ စိုးမိုးမှုကိုခံရန်သာဖြစ်သည်။ သို့သော်လည်း သင်သည် လွတ်လပ်သည့် အကျင့်သိက္ခာဆိုင်ရာ ကိုယ်စားလှယ်ဖြစ်၍သင့်အနေနှင့် သူ့ကို အလျော့မပေး အညံ့မခံဘဲ နေရန်လည်း ရွေးချယ်မှုရှိသည်။ ဤကဲ့သို့ အခြေအနေမျိုးရောက်လာခဲ့ပြီဆိုလျှင် သင်လုပ်ရမည့် တစ်ခုတည်းသောအရာက ဘုရားသခင်၏ အလိုတေ-ာ်ကို ရွေးချယ်ရန်သာဖြစ်သည်။ သူ၏ အလိုတော်က မည်သို့ပင် ဖြစ်စေကာမူ သူ၏ စေစားရာသို့သာ နာခံ အလျော့ပေးပြီး ရွေးချယ်မှုနှင့်စဉ်းစားမှုကို သူ့ကိုသာ ပြုလုပ် စေပါ။ သူသည် ပြိုင်ပွဲတစ်ခုလုံးကို ခြုံမြင်နိုင်ပြီး သူ့ရှေ့မှောက်ရှိ စစ်ဘုရင်ခုံ တစ်ခုလုံးကိုမြင်နိုင်ပြီး စစ်ဘုရင် ရုပ်ကလေးများ အားလုံးကိုလည်း မြင်နိုင်ပါသည်။ သင်၏ အမြင်အာရုံ က အလွန် အကန့်အသတ်များသကဲ့သို့ သင့်စွမ်းအားကလည်း ကန့်သတ်မှုရှိသည်။ သို့သော် သူက အရာရာကို မြင်သလို သူ၌ အလုံးစုံ ရှိနေပါသည်။

ဘုရားသခင် သင့်အား ဖြစ်စေလိုသည့်အတိုင်း ရိုးရိုးလေးသာ ဖြစ်စေပါ။ မိမိ ဘာဖြစ်နိုင်သည် မဖြစ်နိုင်သည်၊ ဘာဖြစ်လာမည် မဖြစ်လာမည့်အပေါ် ပူပင်သောက ရောက်မနေပါနှင့်။ လွန်ခဲ့သော နှစ်ပေါင်း ၅၀ခန့်က ကျွန်ုပ်ဖြစ်ခဲ့သည့်အတိုင်း မဖြစ်စေပါနှင့်။ ဘုရားသခင်က ကျွန်ုပ်ကို ဖြစ်စေလိုသည့်အတိုင်း အတိအကျ ဖြစ်နိုင်ပါလျက်၊ ဘုရားသခင်က ကျွန်ုပ်အား သင်ကြားလေ့လာစေလိုသည့်အရာများကို သင်ကြားလေ့လာနိုင်ပါလျက်နှင့် ကျွန်ုပ်ဘာဖြစ်လာမလဲဆိုသည့် အကြောင်းအရာအပေါ် ပူပင်ကာ မိမိအသက်တာ ထက်ဝက်မျှကို ဖြုန်းနေမိခဲ့သည်။

ထိုအရာလုပ်ဘို့၊ သည်အရာလုပ်ဘို့ ကျွန်ုပ်ရွေးချယ်ခဲ့သည့် အချိန်များလည်း ရှိခဲ့သည်။ ထို့ကြောင့်လည်း ဘုရားသခင်က ကျွန်ုပ်၏ စိတ်ကို ပြောင်းစေခဲ့သည်။ ကျွန်ုပ်ကိုယ်စား အခြားအရာတစ်ခုကို ပြုခဲ့သည်။ ထို့ပြင် အစဉ်သဖြင့် သူသာလျှင် အသိဆုံးဖြစ်ကြောင်း နောက်ဆုံးတွင် သိလာခဲ့ရသည်။

ဘုရားသခင်ကို အဆုံးအဖြတ် ပြုစေခြင်းသည် အလွန်အံ့သြဖွယ်ရာကောင်းရခြင်းမှာ သူသည် ကျွန်ုပ်တို့၏ အကျိုးအတွက် အစဉ်မျှော်ကိုးသကဲ့သို့ အကောင်းဆုံးက မည်သည့်အရာဖြစ်ကြောင်းကိုလည်း သိသည်။ သူ့ဘက်မှ ပျက်-



ကွက်ခြင်း ဘယ်သောအခါမျှမရှိ။သူ၏ညွှန်ကြားချက်ကို ကျွန်ုပ်တို့ မှားယွင်းစွာ ရယူခွင့်ကို ပေးသည့်တိုင် သို့မဟုတ် မှားယွင်းစွာ လုပ်ဆောင်ခွင့်ကိုပေးသည့်တိုင် ကျွန်ုပ်တို့၏ နှလုံးသားများက သူနှင့် မှန်ကန်ခဲ့လျှင် ထိုအရာများကိုပင် အသုံးပြု၍ ကျွန်ုပ်တို့ကို သင်ကြားရန်အတွက် သင်ခန်းစာပေးပြီး ကောင်းသောအရာများကို ယူဆောင်လာနိုင်သည် (ရောမ ၈း၂၈)

ထို့ကြောင့် ဘုရားသခင်က ဘာလုပ်မည် ဆိုသည့်အပေါ် ပူပန်စိုးရိမ်နေမှုများကို ရပ်ဆိုင်းလိုက်ပါ။ သင်သည် ဘုရားသခင်၏ လက်တော်ထဲ၌ရှိသည်။ "ထာဝရဘုရားကို ခိုလှုံ၍ ကောင်းသောအကျင့်ကိုကျင့်လော့" (ဆာ ၃၇း၃)။ "ထာဝရဘုရားကို စိတ်နှလုံးအကြွင်းမဲ့ ကိုးစားလော့၊ ကိုယ်ဉာဏ်ကို အမှီမပြုနှင့်၊ သွားလေရာရာ၌ ထာဝရဘုရားကို မျက်မှောက်ပြုလော့၊ သို့ပြုလျှင် သင်၏ လမ်းခရီးတို့ကို ပဲ့ပြင်တော်မူမည်" (သု ၃း၅-၆)။ "သင်သည် လက်ျာဘက်၊ လက်ဝဲဘက်သို့ လမ်းလွဲလျှင် ဤမည်သောလမ်းသည် မှန်၏။ ဤလမ်း၌သွားလော့ဟု သင့်နောက်၌ပြောသောစကားသံကို ကိုယ်နားနှင့် ကြားရလိမ့်မည်" (ဟေရှာ ၃၀း၂၁)

လမ်းပြတစ်ယောက်က သင်တစ်ခါမျှ မသွားဘူးသောလမ်းသို့ သင့်အား ဦးဆောင်ခေါ်ယူသွားခဲ့လျှင် လမ်းတွင် သင့်အား ဘာလုပ်ဖို့လိုကြောင်းကို လမ်းဆုံလမ်းခွမရောက်မီ ပြောမည်မဟုတ်။ သင်နောက်ဘာလုပ်ရမည်၊ ဘယ်ကို သွားရမည်ဆိုသည်ကို သင်သိသင့်သည့်နေရာသို့ မရောက်မခြင်း ဘာမျှ မပြောဘဲစောင့်သည်။ ဘုရားသခင်နှင့်ကလည်း ဤအတိုင်းပင်ဖြစ်သည်။ အကြောင်းအရာ အတော်များများတွင် မနက်ဖြန် သင်ဘာလုပ်မည်ဆိုသည်နှင့် ပတ်သက်၍ အသေးစိတ်အားလုံးကို သင်သိရန်မလိုပေ၊ မကြာ-ခဏဆိုသလို သင့်အနေနှင့်ကြို၍အစီအစဉ် ချမှတ်ထားရသော်လည်း မနက်ဖြန်အတွက် သင်သည် ပူပန်စိုးရိမ်နေဘို့မဟုတ်ပါ။

ဘုရားသခင်က သင်လုပ်နိုင်ကြောင်းသိသည့်အလုပ်ကိုသာလုပ်ပါ။ ဒီနေ့လုပ်ရန်တောင်းဆိုသောအရာကိုသာလုပ်ပြီး မနက်ဖြန် ဤသို့အလားတူ ပြုလုပ်နိုင်ရန် ပြင်ဆင်မှုပြုပါ။

ဘုရားသခင်က သင့်ကို သီးသန့်ဆန်သော စစ်ဘုရင်ရုပ်ကလေးတစ်မျိုးအဖြစ်ပြုလုပ်ထားပြီး သင့်အား တန်ခိုးစွမ်းအားကိုလည်း လိုက်လျောညီထွေစွာ ပေးထားသည်။ ဘုရားရှင်သည် ကစားသူဖြစ်ပြီး သင်သည် စစ်ဘုရင်အရုပ်သာဖြစ်သည်။ သင်သည် သူ၏အရုပ်ဖြစ်ပြီး ဘုရားရှင်က သင့်အားပြောသည့်အတိုင်း သင်လုပ်ဆောင်ရန်သာဖြစ်သည်။ ၄င်းကို သင်ကိုယ်တိုင်ပြုရန် သူက မမျှော်လင့်ထား၊ သူသည် သင်ရှိရာအောက်သို့လှမ်း၍ သင့်ကို ဆုပ်ကိုင်ခါ သင့်ကို သူသွားစေလိုသည့် နေရာသို့ ရွှေ့မည်ဖြစ်မည်။ အဘယ်သို့ပင်ဖြစ်စေ ဤအခြင်းအရာကို သင်မလုပ်နိုင်ပါ။ သို့သော် သူ၏ အကူအညီ၊ သူ၏ မစမှုအားဖြင့် သင်လုပ်နိုင်သည်။ သင်မတတ်နိုင်၊ သို့သော် သူတတ်နိုင်သည်။

**ဘုရားသခင်ကို အဆုံးအဖြတ် ပြုစေခြင်းသည် အလွန် အံ့ဩဖွယ်ရာကောင်းရခြင်းမှာ သူသည် ကျွန်ုပ်တို့၏ အကျိုးအတွက် အစဉ် မျှော်ကိုးသကဲ့သို့ အကောင်းဆုံးက မည်သည့်အရာဖြစ်ကြောင်းကိုလည်း သူသိသည်။**

# ကောင်းကင်နိုင်ငံ၏ မြို့ကြီးနှင့်မြေကြီးအသစ်

ဒေးဗစ် ဘရန့်ဘက်ခ်၏ ရေးသားချက်များမှ စုဆောင်းတင်ပြသည်။

ရေးသူ၊ ဂျိုးဇက်ကင်းဒဲလ်

ကမ္ဘာ့ဇတ်ခုံကြီးက မှောင်သထက် မှောင်လာနေခိုက် ကျွန်ုပ်တို့၏ စိတ်ကူးအတွေးများကို ဝမ်းမြောက်ဖွယ်ရာကောင်းသော နိဂုံးပိုင်းပေါ် အလေးထားရန် ခါတိုင်းထက် ပို၍ အရေးကြီးလာပြီဖြစ်သည်။ ဟုတ်ပါသည်။ အရာရာက ပို၍ မကောင်းလာမီ ပို၍ ဆိုးဝါးလာပေလိမ့်မည်။ သို့သော်လည်း အရေးကြီးဆုံးက ၄င်းတို့က ပို၍ ကောင်းလာပေလိမ့်မည်။ များစွာ ပို၍ ကောင်းလာမည်။ ဤကမ္ဘာကြီး တွေ့ကြုံခဲ့ရသမျှသော အမှောင်ညများအနက်မှ အမှောင်မိုက်ဆုံးညအပြီးမှာ ဘုန်းအာနုဘော်နှင့် အပြည့်စုံဆုံးသော နေထွက်ချိန် ပေါ်လာပေလိမ့်မည်။ နောက်ဆုံးတွင်တော့ ဘုရားသခင်၏ နိုင်ငံတော်က တုနှိုင်း၍ မရသော တန်ခိုးအာဏာဖြင့် ထာဝရ အုပ်စိုးပေလိမ့်မည်။

ဘေးဒဏ်ကြီးကာလအနေနှင့် သိကြသော သုံးနှစ်ခွဲကာလအတွင်း မကြာမီလာတော့မည့် ကမ္ဘာ့အာဏာရှင်၊ ခရစ်တော်ကို ဆန့်ကျင်သူသည် အလုံးစုံသော ဘာသာတရားတို့ကို ဖိနှိပ် ညှဉ်းပန်းပေလိမ့်မည်။ သို့သော်လည်း ဘေးဒဏ်ကြီးကာလ၏ အဆုံးတွင် သခင်ယေရှုသည် "ကြီးစွာသော ဘုန်းတန်ခိုးအာနုဘော်ကိုဆောင်လျက်၊ မိုဃ်းတိမ်ကိုစီး၍ ကြွလာတော်မူသည်ကို မြင်ရကြလိမ့်မည်"အပြင် ရွေးချယ်တော်မူသောသူတို့ကို သူနှင့်အအတူရှိရန် စုရုံးခေါ်ဆောင်ပေလိမ့်မည်။ (မဿဲ ၂၄း၂၉-၃၁)

ခေတ်ကာလအဆက်ဆက်က သေဆုံးခဲ့ပြီးဖြစ်သော ဘုရားသခင်၏ ကယ်တင်ခြင်းခံ သားသမီးများကို အလွန်ထူးဆန်းအံ့သြဘွယ်ရာ ရှင်ပြန်ထမြောက်စေလိမ့်မည်ဖြစ်ပြီး သူတို့သည် သခင်ယေရှုကို လေထဲတွင် တွေ့ဆုံရန် အထက်သို့ ပျံတတ်ကြပေမည်။ ထိုအချိန်မှာပင်၊ မြေကြီးပေါ်၌ ရှိနေဆဲဖြစ်သော ကယ်တင်ခြင်း ခံရသူတို့သည်လည်း ရုတ်တရက် ပြောင်းလဲကြပြီး သူတို့နှင့် ပူးပေါင်းစုဝေးကြမည်ဖြစ်သည်။ သခင်ယေရှုသည် သူ့လူများအား "ခရစ်တော် ကို ဆန့်ကျင်သူ"၏ လက်မှ ကယ်တင်ပြီး အကြီးဆုံးအောင်ပွဲခံ အထိမ်းအမှတ် ပျော်ပွဲ ရွှင်ပွဲကြီးဖြစ်သော ကောင်းကင်နိုင်ငံထဲမှ သိုးသငယ်၏ မင်္ဂလာဆောင်ရှိရာသို့ ခေါ်ဆောင် သွားမည်ဖြစ်သည်။ (ဗျာ ၁၄း၁၄-၁၆၊ ၁၉း၆-၉)

ထိုအချိန်မှာပင် ဘုရားသခင်၏ အမျက်ဒေါသက "ခရစ်တော်ကိုဆန့်ကျင်သူ" နှင့် သူ၏ နောက်လိုက်များအပေါ်သို့ သွန်းလောင်း ကျရောက်ပေလိမ့်မည် (ဗျာ ၁၄း၁၄-၁၆၊ ၁၉း၆-၉)

သခင်ယေရှု ဦးဆောင်သော ကောင်းကင်နိုင်ငံမှ သာမန် လူသားများမဟုတ်သည့်

မဟာလူသားထုကြီးကလည်း ခရစ်တော်ကို ဆန့်ကျင်သူနှင့် သူ့အပေါင်းအပါ အားလုံးကို အလွန်ကြီးမားပြင်းထန်သော အာမဂေဒုံစစ်ပွဲကြီး၌ အပြီးသတ် ဖျက်ဆီးချေမှုန်းရန် ပြန်လာပေမည်။

သခင်ယေရှုနှင့် သူ၏ အင်အားစုများ ကမ္ဘာကြီးကို ဖြောင့်မတ်ခြင်းနှင့် အုပ်စိုးသော အချိန်ကာလက၊ ရက်စက်ကြမ်းကြုတ်သော လူသားတို့၏ အုပ်စိုးမှုကာလ၏ အဆုံးသတ်မှုကို ပြသ ပေလိမ့်မည်။

နောက်ထပ် အနှစ်တစ်ထောင်ကာလအတွင်း မြေကြီးပေါ်တွင် ငြိမ်သက်အေးချမ်းခြင်း၊ ပေါများကြွယ်ဝခြင်း၊ ချမ်းသာသုခတို့နှင့် ပြည့်စုံပေလိမ့်မည် (ဗျာ ၁၉း၁၁-၂၁၊ ၂၀း၁-၆)

ထို့နောက် နှစ်တစ်ထောင်ကာလအဆုံးတွင် စာတန်ကို သူ၏ မြေကြီးအောက်ချုပ်နှောင်ထားရာမှ ပြန်၍ လွှတ်ပေးလိမ့်မည်။သူသည် တိုင်းနိုင်ငံများကို လှည့်ဖြားရန်အတွက် အချိန်အလုံအလောက်ရရှိပြီး လွတ်လပ်စွာ သွားလာခွင့် ရရှိပေလိမ့်မည်။ စိတ်နှလုံးပြောင်း လဲခြင်းမရှိသောသူတို့သည်လည်း စာတန်နှင့် ပူးပေါင်းခါ မြေကြီးပေါ်မှ ဘုရားသခင်၏ နိုင်ငံတော်ကို ပုန်ကန်ကြပေလိမ့်မည်။ ဘုရားသခင်သည်လည်း နောက်တစ်ကြိမ် စာတန်နှင့်အပေါင်းအပါ နောက်လိုက်တို့ကို နှိမ်နင်းရာတွင်၊ ဤစစ်ပွဲကြီးသည် အာမဂေဒုံထက်ပို၍ ကြီးမားပြင်းထန်သော ဂေါဂနှင့်မာဂေါဂ စစ်ပွဲကြီးပင်ဖြစ်သည်။ ထိုစစ်ပွဲကြီးတွင် ကမ္ဘာမြေပြင်ကို မီးဖြင့် သန့်စင်ဆေးကြောပေလိမ့်မည်။ (၂ပေ ၃း၁၀၊ ဗျာ ၂၀း၇-၉၊ ၂၁း၁)

ဂေါဂနှင့်မာဂေါဂစစ်ပွဲကြီးအပြီး ကမ္ဘာဟောင်း၏ ပြာပုံပေါ်မှ ကမ္ဘာသစ်ကို ဘုရားသခင်သည် ပြန်လည်တည်ဆောက်လိမ့်မည်။ (၂ပေ ၃း၁၃) တွင် ဖြောင့်မတ်ခြင်းတရားသည် နေရာမိုယ်းကောင်းကင်သစ်နှင့်မြေကြီးသစ်” ဟု ဖော်ပြထားသည်။ ၄င်းသည် ဤကမ္ဘာကြီးပင်ဖြစ်သော်လည်း မြေမျက်နှာပြင်အသစ်နှင့်ပို၍လှပသော ကမ္ဘာဂြိုလ်ကြီးဖြစ်လာမည်။ ဘုရားသခင်သည် ကမ္ဘာမြေပြင်တစ်ခုလုံးကို အလွန် လှပသော ဧဒင်ဥယျာဉ်သစ်တစ်ခုအလား ပြန်လည်ဖန်ဆင်းပေလိမ့်မည်။

ထို့နောက် သူ၏ သန့်ရှင်းသော မြို့တော်ကြီးသည် အာကာသထဲမှ ပေါ်ထွက်လာကာ အလွန်လှပသော ကမ္ဘာမြေပေါ် ဆင်းသက်တည်ရှိမည်ဖြစ်ပြီး ဘုရားသခင်သည် ကျွန်ုပ်တို့နှင့်အတူ နေထိုင်ရန် ဆင်းသက်ကြွဆင်းလာမည်ဖြစ်ရာ ကျွန်ုပ်တို့သည်လည်း သူနှင့်အတူ ရှိပေလိမ့်မည်။ (ဗျာဒိတ် ၂၁း၂-၃)

၄င်းသည် ဗျာဒိတ်ကျမ်း ၂၁နှင့် ၂၂ တို့တွင် အသေးစိတ် ဖော်ပြထားသကဲ့သို့ မြို့၏ အတိုင်းအထွာအတိအကျ၊ အရောင်၊ ပစ္စည်းများနှင့် အခြားအရာများစွာ အပါအဝင် မူရင်းအတိုင်းဖြစ်ပြီး လက်တွေ့ကျသော ကောင်းကင်ဘုံ ဖြစ်ပေလိမ့်မည်။ ထိုမြို့ကြီးသည်

ဆောက်ခဲ့သမျှထဲတွင် အခမ်းနား အကြီးကျယ်ဆုံးသော မြို့တော်ကြီးပင်ဖြစ်ပြီး လူတို့၏ အရှုးအမူး စွဲလန်းသည့် စိတ်ကူးယဉ်အိပ်မက်များထက်ပင် များစွာ သာလွန်ကောင်းမွန်ပေလိမ့်မည်။ ထိုမြို့ကြီးသည် ဧရိယာအားဖြင့် စတုရန်း ၂. ၂၅ သန်းပိုင်ရှိရာ(ကီလိုမီတာအားဖြင့် ၅. ၈၃သန်း စတုရန်းကီလိုမီတာ)ဩစတေးလျတိုက် တစ်ခုလုံးနီးပါးမျှကို လွှမ်းခြုံထားနိုင်သလို ဥရောပတိုက်၏ ထက်ဝက်မက သို့မဟုတ် အမေရိကန် ပြည်ထောင်စုထက်ပို၍ ကြီးမားသလို အာဖရိကတိုက်၏ လေးပုံတစ်ပုံခန့် ရှိပေလိမ့်မည် (ဗျာ ၂၁း၁၆) "ထိုမြို့သည် နေ၏ အရောင်၊ လ၏အရောင်ကို အလိုမရှိ၊ အကြောင်းမူကား ဘုရားသခင်၏ဘုန်းတော်သည် ထိုမြို့ကို လင်းစေ၏။ သိုးသူငယ် (ယေရှု) သည်လည်း ထိုမြို့၏ ဆီမီးဖြစ်၏" (ဗျာ ၂၁း၂၃) နေနှင့်လသည်လည်း မြို့ပြင်ရှိ လူများတို့ ၏ အကျိုးအတွက် ဆက်လက်ထွန်းလင်းလိမ့်မည်ဖြစ်သော်လည်း မြို့တွင်းရှိ လူများအတွက် ထိုအလင်းမလို၊ အဘယ်ကြောင့်ဆိုသော် ထိုမြို့၌ ကိုယ်ပိုင်အလင်းရှိသောကြောင့်ဖြစ် သည်။ ထိုအလင်းကား ဘုရားသခင်၏အလင်း - သူ၏ သားတော်၊ ယေရှု၏ အလင်းပင် ဖြစ်သည်။

မြို့တစ်မြို့လုံးကို "ကြည်လင်သောဖန်နှင့်တူသည့်ရွှေစင်". . . ဖြင့် ပြုလုပ်ထားသည်။ (ဗျာ ၂၁း၁၈)

စဉ်းစားကြည့်ပါ။

ထိုနေရာတွင် အလွန်လှပသော အသက်ရေစီးရာမြစ်က ဘုရားသခင်နှင့်သိုးသငယ်၏ ပလ္လင်တော်ထဲမှ မြို့လယ်ကိုဖြတ်၍ စီးဆင်းပြီး "ထိုမြစ်နှစ်ဘက်၌ အသက်ပင်ရှိ၏၊ ထိုအသက်ပင်သည် အသီးတစ်ဆယ်နှစ်မျိုးကို သီးတတ်၏။ မိမိအသီးကိုလည်း လတိုင်းပေးတတ်၏။ အရွက်သည်လည်း လူအမျိုးမျိုးတို့၏ အနာရောဂါ ငြိမ်းစရာဘို့ဖြစ်၏ (ဗျာ ၂၂း၂) သဘာဝထက် ထူးခြားလွန်ကဲသည့် ခန္ဓာကိုယ်များနှင့် ရှင်ပြန်ထမြောက်ခြင်းခံရသော သူတော်စင်တို့အနေနှင့် အနာရောဂါငြိမ်းစရာမလိုအပ်ပါ။ ထို့ကြောင့် ထိုအနာရောဂါ ငြိမ်းစေခြင်းသည် မြို့ပြင်ရှိလူများနှင့်တိုင်းနိုင်ငံများအတွက်ဖြစ်ကြောင်း သိသာလှပါသည်။

ကမ္ဘာသစ်တွင် အခြားအဓိက ကျသည့် မတူညီချက်တစ်ချက်က "သမုဒ္ဒရာမရှိ" (ဗျာ ၂၁း၁)ခြင်းပင်ဖြစ်သည်။ ယနေ့ ကမ္ဘာကြီး၏ အစိတ်အပိုင်းအတော်များများကို ရေဖြင့်ဖုံးလွှမ်းထားသည်ဖြစ်ရာ ဘုရားသခင်က ကမ္ဘာမြေမျက်နှာပြင်ကို ပြန်လည်ပြုလုပ်သောအခါ ဥတုရာသီများလည်း ရှိတော့မည်မဟုတ်တော့၊ မြို့၏ အပြင်ဘက်တွင်ရှိသော လူများအတွက် ဆက်လက်အသက်ရှင်ပြီး ပျော်ရွှင်မှုကို ခံစားဘို့ရာ မြေကြီး၏ အကျယ်အဝန်းက ယခင်ကထက် (၄)ဆ (၅)ဆ ပိုရှိလာပေလိမ့်မည်။

၎င်းသည် ယခု ကျွန်ုပ်တို့နှင့်အတူရှိနေသော ဘုရားသခင်၏ လှပသော ဖန်ဆင်းခြင်း အလုံးစုံနှင့် ငြိမ်သက်အေးချမ်းပြီး ချစ်ခင်နှစ်သက်စရာ တိရစ္ဆာန်များ၊ ငှက်များ ပါဝင်သည့် ဖန်ဆင်းခြင်း အသစ်တစ်ခုလုံး မြေကြီးသစ်တစ်ခုလုံး ဖြစ်လိမ့်မည်။ ထိုအချိန်တွင်

ယခု ကျွန်ုပ်တို့ တွေ့မြင်နေရသော အန္တရာယ်ဖြစ်စေသည့် ပိုးမွှားများ၊ ဖျက်ဆီးတတ်သော ပိုးမွှားများ၊ ဆူးနှင့်ဆူးပင်များ လုံးဝ မရှိတော့ပေ။ (ဟေရှာ ၁၁း၆-၉၊ ၅၅း၁၃) ဖန်ဆင်းခြင်း တစ်ခုလုံးက ဧဒင်ဥယျာဉ်မှာ ရှိခဲ့သည့်အတိုင်း၊ အစအဦးမှာ ဘုရားသခင် အလိုတော်အ-တိုင်း စီမံထားခဲ့သည့်အနေအထားအတိုင်းပင် ဖြစ်ပေလိမ့်မည်။

အပြစ်၊ စစ်မက်ဖြစ်ပွားခြင်း။ ပျက်စီးမှု၊ ဖျားနာခြင်း၊ မျက်ရည်နှင့် နာကျင်ခြင်းတို့ လုံးဝ နောက်ထပ် ရှိတော့မည်မဟုတ်၊ မည်မျှ အံ့ဩထူးဆန်းဖွယ်ရာ ကောင်းလိမ့်မည်နည်း?။

ထိုမျှမကပါ၊ သခင်ယေရှုက "ငါ့အဘ၏ အိမ်တော်၌ နေစရာအခန်းအများရှိ၏ . . . သင်တို့နေစရာအရပ်ကို ပြင်ဆင်ခြင်းငှါ ငါသွားရ၏. . . ငါရှိရာအရပ်၌ သင်တို့ရှိစေခြင်းငှါ သင်တို့ကို ငါ့ထံသို့ သိမ်းဆည်းမည်။"(ယော ၁၄း၂-၃) သင်သည် သခင် ယေရှုကို သင်၏ ကယ်တင်ရှင်အဖြစ် လက်ခံထားခဲ့ပြီဆိုလျှင် တနေ့နေ့တွင် ငွေတပြားတစ်ချပ်မျှ မကုန်ဘဲ သင်၏ ကိုယ်ပိုင်အိမ်ဂေဟာကြီးကို ရရှိလိမ့်မည် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် သခင်ယေရှုက ထိုအတွက် အဖိုးအခပေးထားနှင့်ပြီ ဖြစ်ပါသည်။

ကောင်းကင်နိုင်ငံအတွက် သင် အဆင်သင့် ဖြစ်ပြီလား? ထိုကောင်းကင်နိုင်ငံ မြို့တော်ကြီး၏ လမ်းများပေါ် သင်လျှောက်လှမ်းနိုင်ပါမည်လား? (ဗျာ ၂၁း၂၄)က ကယ်တင်ခြင်းကို ခံရသူသာလျှင် ထိုမြို့ထဲ လျှောက်လှမ်းရမည်ဟု ဆိုထားသည်။ ထိုအခြင်းအရာပေါ် သင့်အနေနှင့် လက်လွတ်ခံနိုင်မည်လား? သင့်အနေနှင့် သခင်ယေရှုကို လက်မခံရသေးဟုဆိုလျှင် သင်လုပ်ရမည်က သခင်ယေရှုကို သင့်ကယ်တင်ရှင်အနေနှင့် လက်ခံလိုက်ရုံသာ ဖြစ်ပါသည်။

# သင့်ပြဿနာများ အတွက် ၊ အဖြေများ

## သင့်အနေနှင့် အရာရာပြည့်စုံရန် မလိုအပ်ပါ။

မေး ဘုရားသခင်၏ စိတ်တော်နှင့်တွေ့စေဘို့ ကျွန်တော့်အနေနှင့်လုံလောက် သောကောင်းမြတ်ခြင်း ဘယ်သောအခါမျှ ရှိလိမ့်မည်မဟုတ်ဟု တခါတရံ ခံစားမိသည်။ ဥပမာအားဖြင့် သမ္မာကျမ်းစာက ကျွန်ုပ်တို့ကို အဆက်မပြတ် ဆုတောင်းသင့်ပြီး ကျွန်ုပ်တို့ အသက်တာကို သခင်ယေရှုနှင့် သူတစ်ပါးတို့အတွက်အစေခံခြင်းဖြင့် ပေးအပ်သင့်သည် ဟု ဆိုထားပါသည်။ ဤစံက မဖြစ်နိုင်လောက်အောင် မြင့်မားလှပါသည်။ ကြိုးစားကြည့်ခြင်းက မည်သို့ အကြောင်းထူးနိုင်မည်နည်း?

လူများအနေနှင့် ကြီးထွားနိုင်ရန် အထောက်အကူဖြစ်စေဘို့ ဘုရားသခင် သည် ကျွန်ုပ်တို့အား ရည်မှန်းချက်ပန်းတိုင်များ ပေးထားခဲ့သည်။ သို့မှသာ ကျွန်ုပ်တို့ ပို၍ ပျော်ရွှင်လိမ့်မည်၊ ကျွန်ုပ်တို့၏ ဘဝအသက်တာများက ပို၍အဓိပ္ပါယ်ရှိလာပြီး အဘက်-ဘက်မှလည်း ပို၍ ကောင်းမွန်လာမည် ဖြစ်သည်။ ဘုရားသခင်က ဤသို့ပြုရခြင်းမှာ ကျွန်ုပ်တို့ အစစအရာရာ ပြီးပြည့်စုံရန် မျှော်လင့်ထား၍၊ ဤသို့ဖြစ်ရန်လိုချင်၍၊ ဤကဲ့သို့ ပြုလုပ်ခြင်းမဟုတ်ပါ။ တကယ်တော့လည်း ကျွန်ုပ်တို့ ဘယ်သောအခါမျှ မပြည့်စုံနိုင်ကြောင်းကို သူသိသည်။ လက်တွေ့မဆန်သော ရည်မှန်းချက်များကို မိမိတို့အတွက် ချမှတ်သူများက ကျွန်ုပ်တို့သာလျှင် ဖြစ်သောကြောင့် ရှုံးနိမ့်မှုကို ခံစားရန်အတွက် မိမိဘာသာ မိမိ အကွက်ချမှတ်ပြီးသား ဖြစ်နေစေသည်။ ခရစ်ယာန်များစွာအတွက် စာတန်၏ အကြိုက်ဆုံးလက်နက်က "စိတ်ပျက်ခြင်း"ပင် ဖြစ်သည်။ ထို့နောက်မှ ကပ်၍ ပါလာသည်က ရှုတ်ချပြစ်တင်မှုများပင် ဖြစ်သည်။ ရှုတ်ချ ပြစ်တင်မှုကို ခံစားရခြင်းက မိမိ ပြုလုပ်မိခဲ့သော အမှားတစ်ခုကို ဘုရားရှင်က သင့်ကို ခွင့်လွှတ်လိမ့်မည်မဟုတ်ဟု သင်ထင်သောကြောင့် ဖြစ်သည်။

မကြာခဏဆိုသလို ပြဿနာက သင်၏"ထင်"နေခြင်းကြောင့်ဖြစ်ပြီး ထိုအပေါ်၌ ပို၍နေလေလေ (ပို၍ထင်လေလေ)ပို၍ ဆိုးဝါးလာလေလေပင်ဖြစ်သည်။ ပြစ်တင်ရှုံ့ချမှုကို သင်အလျော့ပေးလိုက်လျှင် ဤအခြင်းအရာက အကျိုးမဖြစ်ထွန်းသော ခံစားမှုများကို ကျော်လွှားဘို့ ဘုရားသခင်ထံ အကူအညီတောင်းခံရန်အတွက်သင်၏ ယုံကြည်ခြင်းကိုချေဖျက်လိုက်သည်။ အဘယ်ကြောင့်ဆိုသော်သူ၏အကူအညီကိုသော်၎င်း၊ အခြား ကောင်းချီးမင်္ဂလာများကိုသော်၎င်း သင်မခံစားထိုက်ဟုခံစားမိသောကြောင့်ဖြစ်သည်။ စိတ်ပျက်အားလျော့ခြင်းနှင့် ပြစ်တင်ရှုတ်ချခြင်းတို့ကို သင်အလျော့ ပေးချင်လျှင် သင်၏ ပြန်လည်တိုက်ခိုက် တွန်းလှန်နိုင်သော စွမ်းအားကို စွန့်လွှတ်လိုက်သည်နှင့် အတူတူပင်ဖြစ်သည်။ တဆက်တည်းမှာဘဲ သင်သည် ပြစ်တင်ရှုတ်ချခြင်း၏ တွင်းနက်ထဲသို့ ရောက်သည်ဆိုသည်နှင့်တပြိုင်နက် တွင်းပေါ်သို့ ပြန်တက်ရောက်ရန် အလွန်ခက်ခဲသွားပြီဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ထိုနေရာသည် သင်နှင့် ထိုက်တန်သောနေရာသာဖြစ်ကြောင်းကို သင်ယုံကြည် လက်ခံလာစေရန် စာတန်က ကြိုးစားပေတော့သည်။

သို့သော်လည်း သခင်ယေရှုက သင့်ကိုပြည့်စုံစွာ သိရှိနားလည်သည်။ သင်၏ ကောင်းသောအရာများ၊ ဆိုးသော အရာများ အားလုံးကို သိပါသည်။ သို့သော် သူသည် သင့်အား ခြွင်းချက်မရှိသော သူ၏ မေတ္တာကို ကမ်းလှမ်းဆဲပင်ဖြစ်ပါသည်။ သူကသင်၏ အနောက်တကောက်ကောက်လိုက်ပြီး သင်၏ မှားယွင်းမှု၊ ချွတ်ချော်မှုများကို စာရင်းကောက်မှတ်သားခြင်းပြု၍ မနေပါ။ သင်သူ့နောက်သို့လိုက်ရန် အလွန်သေးငယ်သော ခြေလှမ်းလေးကို လှမ်းသည့် အခါတိုင်းမှာပင်လျှင် သူသည်ဝမ်းမြောက်ရသည်။ သူ၏ မျက်လုံးများထဲတွင်တစ်ခုတည်းသောပျက်ကွက်ရှုံးနိမ့်မှုက လဲသော်လည်းပြန်ထ၍ တဖန်ကြိုးစားရန် ပျက်ကွက်သူသာလျှင် ဖြစ်သည်။သင့်ဘာသာ သင်ပြန်ထရန်ကိုပင် သူမမျှော်လင့်ထား၊ သူကိုယ်တိုင် သင်ရှိရာ သို့လှမ်း၍ ထူမည်

သာဖြစ်ပြီး သင် ဆက်လက်သွားပြီး မှန်မှန်ကန်ကန် လုပ်ဆောင်နိုင်သည်ထိသင့်အားယုံကြည်ခြင်းနှင့်ထိုးထွင်းဉာဏ်ကို ပေးမည်ဖြစ်သည်။ သူ တောင်းဆိုသည်က သင့်အနေနှင့်ကြိုးစားရန် ဆန္ဒရှိရန်သာနှင့် သူသည် သင့်ကိုချစ်ပြီး သင့်ကို ကူညီရန် ရှိနေသည်ကို သင်ယုံကြည်ဘို့ရန်သာ ဖြစ်သည်။ ထို့ကြောင့် ရှုတ်ချ ပြစ်တင်ခြင်း ကို ခံစားရလျှင် အောက်ပါ အောင်မြင်ခြင်းသို့ ရိုးစင်းသော ခြေလှမ်း အဆင့်ဆင့်ကို လိုက်လျှောက်ပါ။

၁။ သင်၏ရည်မှန်းချက်ကို သင်တစ်ယောက်တည်းနှင့်မရယူနိုင်ပါ။ သင့်အတွင်း၌ရှိသော သခင်ယေရှုသာလျှင် ထိုသို့ ပြုလုပ်နိုင်သည်။

၂။ ပြစ်တင်ရှုတ်ချခြင်း၊ အပြစ်ရှိကြောင်းခံစားမှုတို့နှင့်သင့်အနားသို့စာတန်ချဉ်းကပ်လာလျှင် ၎င်းကို ယုံကြည်ဘို့ ငြင်းဆန်ပါ။

၃။ ဘုရားသခင်၏အမြင်တွင် ရှုံးနိမ့်ခြင်းသည် ကျဆုံးခြင်းမဟုတ်၊ ပြန်လည်၍ထပြီးနောက်တစ်ကြိမ် မကြိုးစားခြင်းကသာ ကျဆုံးခြင်းဖြစ်ကြောင်း မိမိကိုယ်ကို သတိပေးပါ။

၄။ မိမိ၏ရှုံးနိမ့်မှုများမှ သင်ခန်းစာယူလျှင် အမြင်အားဖြင့် ရှုံးနိမ့်မှုများပင်လျှင် အောင်နိုင်မှုများ ဖြစ်သည်အတွက် ဘုရားသခင်အား ကျေးဇူးတင်ပါ။

၅။ အထစ်အငေါ့များ ကြုံတွေ့သောအခါ အရှုံးပေးရန် ငြင်းဆိုပြီး သခင်ယေရှုပေါ် အမှီပြုပါ။ သူ၏အမြင်ကို တောင်းခံပါ။ ထို့နောက် ထ၍ ထပ်ကြိုးစားပါ။

# အဟာရ ပြည့်ဝသော စာပေ

## ပို၍ ကောင်းဘို့ရာ ပြောင်းလဲခြင်း

**ကျွန်ုပ်တို့အတွက် အကောင်းဆုံးကိုသာ ဘုရားသခင် အလိုတော်ရှိသည်။**

ဆာလံ၊ ၈၄း၁၁ခ၊ ယေရမိ ၂၉း၁၁၊
မဿဲ ၇း၉-၁၁၊ လုကာ ၁၂း၃၂

**ဘုရားသခင်သည် သူ့အား ခွင့်ပြုလျှင် ကျွန်ုပ်တို့အတွက် ပို၍ ကောင်းမွန်သော ပြောင်းလဲခြင်းကို ပြုနိုင်သည်၊ ပြုလိမ့်မည်။**

၂တိ ၁း၁၂ခ၊
ဖိလိ ၁း၆၊
ဖိလိ ၂း၁၃၊

**သို့သော် သာမန်သဘာဝ လူသားက ပြောင်းလဲမှုကို တွန်းလှန် ငြင်းဆန်သည်။**

ဆာလံ ၄၉း၁၁၊
မာကု ၇း၉၊
လုကာ ၅း၃၉

**ဘုရားသခင်၏ ဩဇာခံခြင်း၊ ဘုရားသခင်အား အလျှော့ပေးခြင်းသည် အကျိုးတရားဖြစ် ထွန်းသော ပြောင်းလဲခြင်း၏ သော့ချက်ပင် ဖြစ်သည်။**

၁ရာ ၃း၁၈ခ၊ ဆာလံ ၄၀း၈၊
ဟေရှာ ၆၄း၈၊ ယေရမိ ၄၂း၆က၊
မဿဲ ၆း၁၀ခ၊ ရောမ ၈း၂၈

**ပြောင်းလဲနေသည့် ဖြစ်စဉ်အတွင်း ကျွန်ုပ်တို့ လုပ်ရမည့်အရာနှစ်ခုရှိသည်။ အတိတ်နှင့် ပတ်သက်၍ ပူပန်စိုးရိမ်ခြင်းမရှိရန်နှင့် ကျွန်ုပ်တို့ ရှေ့၌ရှိသော ရည်မှန်းချက်ပန်းတိုင်ကို မျက်ခြေမပြတ်ရန်ပင်ဖြစ်သည်။**

ဖိလိ ၃း၁၃-၁၄၊ ၂ ကော ၄း၁၈၊
ကောလော ၃း၂၊ ဟေဗြဲ ၁၂း၂ က

# ရှေ့သို့ တက်လှမ်းမှု၏ ဘီးများ

*သခင်ယေရှုထံမှ ချစ်ခြင်းမေတ္တာဖြင့်*

ဘဝအသက်တာတွင် သံသရာစက်ဝန်းများ ရှိသည်။ အရာရာက အဆင်ပြေနေသည့် အချိန်များနှင့် အရာရာက ဆိုးဆိုးဝါးဝါး ဖြစ်နေသည့်အချိန်များ၊ စက်ဝန်း၏ အဆင့်တိုင်းတွင် သင်သည် ငါ့အား ဖက်တွယ်ထားရန် သင်ကြားဖို့ ငါအလိုရှိသည်။

အဟန့်အတားသစ်များ၊ ပြဿနာများကို သင်ရင်ဆိုင်တွေ့ကြုံရသောအခါ ဤအခြင်းအရာများက သင့်ကိုစိတ်မပျက်စေပါနှင့်။ သင်နှင့်ငါတို့အတူတကွ ထိုပြဿနာများအား မကျော်လွှားနိုင်မည်ကိုသင်မစိုးရိမ်နှင့်။ ငါတို့ ကျော်လွှားနိုင်လိမ့်မည်။ သို့သော်လည်း ဖြစ်စဉ်အတွင်းရှိ စက်ဝန်း၏ ဤအနိမ့်ဆုံးအဆင့်ကို သင်ဖြတ်သန်းရမည်။ သင်သည် ပြဿနာများကိုရပ်၍ ကြုံ့ကြုံ့ခံသောအခါ ထိုအရာများက သင်၏ ယုံကြည်ခြင်းခိုင်မာမှုအတွက် အလေ့အကျင့် ရစေသည်။ ထိုအခြင်းအရာက စက်ဝန်း၏ နောက်အဆင့်ဆီသို့ ယူဆောင်လာသည်။ ကူညီမစရန်အတွက် သင် ငါ့ကို ခေါ်သည်။ သင်ခက်ခက်ခဲခဲ ကြိုးပမ်းပြီး အနိုင်ရရှိက ရှေ့သို့ တက်လှမ်းသည်။ ဤသည်က ဘီးလည်နေသောအခါနှင့် တူသည်။ ဘီး၏အပေါ်ပိုင်းက အောက်သို့ရောက်ပြီး အောက်ပိုင်းက ထိပ်သို့ရောက်သောအခါ ဘီးက သင့်ကို ရှေ့သို့ ရောက်စေသည်။

စမ်းသပ်မှု အသစ်တစ်ခုကို သင်တွေ့ကြုံရတိုင်း သင်ထပ်မံ၍ ရုန်းကန်လှုပ်ရှားရ မည်သာဖြစ်သည်။ သင့်အနေနှင့် စိန်ခေါ်မှုကို လက်ခံပြီး အကူအညီရယူရန် ငါ့ကို ခေါ်မည်။ ထို့နောက် ထပ်မံကျော်လွှားပြီး ပိုမိုတိုးတက်အောင် ပြုလုပ်မည်။ စမ်းသပ်မှုများလေ လေ အောင်ပွဲများလေလေပင်ဖြစ်သည်။ သို့သော်လည်း မည်သည့်အချိန်မဆို ပြဿနာ၏ အဖြေအတွက် သင်သည် ငါ့ကို မရှာဖွေလျှင် သင်သည် စက်ဝန်းကို ရပ်လိုက်ပြီဖြစ်သည်။ သင်သည် အောက်အနိမ့်ပိုင်းတွင်သာ ရှိနေမြဲ ဖြစ်၍ ရှေ့သို့သွားသည်။ လှုပ်ရှားမှု လုံးဝမရှိ၊ သင့်အနေနှင့် ဘယ်ကိုမျှ ခရီးမပေါက်။ ထို့ကြောင့်လည်း သင့်ဘဝအသက်တာ၏ နိမ့်ကျသည့်အချိန်များကို ဆုံးရှုံးမှု၊ ကျရှုံးမှုများအဖြစ် မမြင်ဘဲ ရှေ့တိုးတက်မှုများကို တက်လှမ်းရယူရန်အတွက် အခွင့်အရေးများအဖြစ်ရှုမြင်ပါ။ ဤစက်ဝန်းများကို ဖြတ်သန်းခြင်းကမကြာခဏဆိုသလို ခက်ခဲလှကြောင်းကို ငါသိသည်။ သို့သော်လည်းရှေ့သို့တက်လှမ်းရန် သင်ဖြတ်သန်းရမည်သာဖြစ်၍ ဤအခြင်းအရာကို ဆက်ထိန်းထားပါ

